# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး
# ပထမနေ့မှတ်တမ်း

၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၂ ရက်

( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၅ ရက် )

[ အင်္ဂါနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၂။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ ပထမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ကတိသစ္စာမပြုရသေးသော တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းများက ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ခ)အရ ကတိသစ္စာ မပြုရသေးတဲ့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းများက ဥက္ကဋ္ဌ ရှေ့မှောက်မှာ ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးရမှာ ဖြစ်ပါတယ်။

ဒါကြောင့် တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းများ စင်မြင့်ရှေ့မှာ နေရာယူပေးဖို့ ဖြစ်ပါတယ်။

ကတိသစ္စာကိုတိုင်ပေးတဲ့အခါ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းများက လိုက်ဆိုဖို့ဖြစ်ပါတယ်။

ယခု ကတိသစ္စာပြုပါမယ်။ အစည်းအဝေးခန်းမအတွင်းမှာရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်အားလုံး မတ်တတ်ရပ်ပေးကြဖို့ ဖြစ်ပါတယ်။

ကတိသစ္စာတိုင်ပေးတဲ့အခါ ကျွန်ုပ် ဆိုပြီးတဲ့နောက်မှာ အမည်နဲ့ သည်အထိ ဆိုဖို့ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ "ကျွန်ုပ် - - - - - - - - - - - - - - - အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိ ရိုသေပါမည်။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။ ထို့ပြင် ယခု ကျွန်ုပ် ထမ်းဆောင်မည်ဖြစ်သောတာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည်။"

အားလုံးထိုင်နိုင်ပါပြီ။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပထမနေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၀)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၉)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၉၀.၄၅)ရာခိုင်နှုန်းရှိပြီး ထက်ဝက်ကျော်ဦးရေ တက်ရောက်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၁ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်။ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ ပထမနေ့အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၁)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။ အချိန်ကို ငဲ့ညှာတဲ့အနေနဲ့ ဒီကနေ့အစည်းအဝေး မတက်ရောက်နိုင်လို့ ခွင့်ပန်ကြားထားတဲ့ လွှတ်တော် ကိုယ်စားလှယ်များရဲ့ စာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးဂျေယောဝူ၊ ကချင်(၁၂)၊ ကလေးများကျောင်းပြောင်းလာ၍ ကျောင်းအပ်နှံနိုင်ရန်။ ဦးသိမ်းဆွေ၊ ဧရာဝတီ(၁၀)၊ ပြည်ပသင်တန်း။ ဦးသော်ဇင်ဦး၊ မကွေး(၉)၊ ဖခင်ကျန်းမာရေး။ ဦးသိန်းလှိုင်၊ စစ်ကိုင်း(၈)၊ အစ်မဖြစ်သူနာရေး။ ဦးစောအုန်း၊ မွန်(၉)၊ သားဖြစ်သူနာရေး။ ဦးသက်လင်း၊ ဧရာဝတီ(၈)၊ ပြည်ပခရီး။ ဦးခက်ထိန်နန်၊ ကချင်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဝင်းမြင့်အောင်၊ စစ်ကိုင်း(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်ဒင်(ခ)ဦးထေးရယ် ကယား(၂)၊ ကျန်းမာရေး။ ဦးကျားမောင်(ခ) ဦးမောင်ကျား၊ တနင်္သာရီ(၈)၊ ကျန်းမာရေး။ ဦးမိုးမြင့်၊ တနင်္သာရီ(၇)၊ မိခင်ကျန်းမာရေး။ ဦးမင်းမျိုးတင့်လွင်၊ ကရင်(၁၀)၊ ခြေကျိုးနေ၍ ဆေးကုသမှုခံနေရ။ ဦးတင်မြ၊ စစ်ကိုင်း(၇)၊ နေမကောင်း။ ဦးရှုမောင်၊ ရှမ်း(၈)၊ ဆေးစစ်ခံရန် ပြည်ပသွား။ ဦးကြည်ထွန်း၊ မကွေး(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလျူကွယ်ရှိ၊ ရှမ်း(၁၁)၊ နေမကောင်း။ ဗိုလ်မှူးမြင့်စိုး တပ်မတော်၊ သင်တန်း။ ဗိုလ်မှူးနေမျိုးကျော် တပ်မတော်၊ သင်တန်း။ ဗိုလ်မှူးတင်မောင်ဝင်း တပ်မတော်၊ သင်တန်း။ ဗိုလ်မှူးနေအောင်ဦး တပ်မတော်၊ သင်တန်း။ ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်(၁)၊ ကျန်းမာရေးတို့ ဖြစ်ပါတယ်။

ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပထမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၀)ဦး၊ ယနေ့ ခွင့်ပန်ကြားထားသဖြင့် ခွင့်ပြုထားသူ(၂၁)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားခြင်း

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးမှာ တက်ရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ် အားလုံး ချမ်းသာကိုယ်စိတ်မြဲကြပါစေကြောင်း ဆုတောင်း နှုတ်ခွန်းဆက်သပါတယ်။ လွှတ်တော် သက်တမ်းဟာ (၂)နှစ်ကျော် (၂)နှစ်ခွဲနီးပါး ရှိလာပြီဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များရဲ့ ကိုယ်တိုင်ဖြည့်ဆည်းမှု၊ လေ့လာမှု၊ အတွေ့အကြုံရင့်ကျက်မှုတွေ မြင့်မားလာပြီ ဖြစ်ပါတယ်။ ဒါကြောင့် ပုံမှန်အစည်းအဝေး တစ်ကြိမ်ထက်တစ်ကြိမ်၊ လွှတ်တော်ကိုယ်စားလှယ်များရဲ့ စွမ်းဆောင်မှု ပိုမိုမြင့်မားလာလိမ့်မယ်လို့ မျှော်လင့်ယုံကြည်ကြောင်း ပြောကြားရင်း နှုတ်ခွန်းဆက်ပါတယ်။

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကိုသက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ကိုဆောင်ရွက်ပါမယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ် သုံးဦးက မေးမြန်းတဲ့ မေးခွန်းများဟာ ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့်မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ပဲခူးမြို့တွင် (၂၅)ခုတင်ဆံ့ တိုင်းရင်းဆေးရုံတစ်ရုံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမော်ထွန်း က ပဲခူးမြို့တွင် (၂၅)ခုတင်ဆံ့ တိုင်းရင်းဆေးရုံတစ်ရုံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဦးစောမော်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ ကိုယ်စားလှယ်များ အားလုံး ကျန်းမာချမ်းသာကြပါစေရန် ဦးစွာဆုမွန်ကောင်းများ တောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောမော်ထွန်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ဟာ ရပ်ကွက်ပေါင်း (၃၁)ခု၊ ကျေးရွာ(၆၈)ခုရှိပြီး လူဦးရေ(၄၂၀၀၀၀)ကျော် နေထိုင်လျက်ရှိပါတယ်။ ပဲခူးတိုင်းဒေသကြီး အစိုးရရုံးစိုက်ရာမြို့ဖြစ်တဲ့အပြင် ရှေးဟောင်းမြို့ သမိုင်းဝင် မြို့တစ်မြို့လည်း ဖြစ်ပါတယ်။ မြို့နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုအနေနဲ့ အစိုးရ ခုတင်(၂၀၀)ဆံ့ ဆေးရုံ(၁)ရုံ၊ (၂၅)ခုတင်ဆံ့ (၁)ရုံ၊ (၁၆)ခုတင်ဆံ့ (၃)ရုံ၊ ပုဂ္ဂလိကဆေးရုံ (၃)ရုံရှိပါတယ်။ အစိုးရဆေးပေးခန်းများ အနေနဲ့ ကျေးလက်ကျန်းမာရေး(၆)ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ(၄၁)ခု၊ အနာကြီးရောဂါ တိုက်ဖျက်ရေး(၁)ခု၊ ငှက်ဖျားရောဂါ တိုက်ဖျက်ရေး(၁)ခု၊ တီဘီရောဂါ တိုက်ဖျက်ရေး(၁)ခုနှင့် ပုဂ္ဂလိက ဆေးခန်း(၅၆)ခု တို့ဖြင့် ပြည်သူတွေရဲ့ကျန်းမာရေးကို စောင့်ရှောက်ပေးလျက်ရှိပါတယ်။

သို့ရာတွင် တိုင်းရင်းဆေးရုံတစ်ရုံ လိုအပ်လျက်ရှိပါတယ်။ ပဲခူးမြို့နယ် အပါအဝင် နီးစပ်ရာ ခရိုင်မြို့နယ်များမှ ပြည်သူများအတွက် တိုင်းရင်းဆေးစောင့်ရှောက်မှု ရရှိရန် (၂၅)ခုတင်ဆံ့ တိုင်းရင်းဆေးရုံ(၁)ရုံ လိုအပ်လျက်ရှိပါတယ်။ လူဦးရေအရလည်းကောင်း တိုင်းရင်းဆေးဟာ ရေရှည် အချိန်ယူကုသရတဲ့လုပ်ငန်းမျိုး ဖြစ်တဲ့အတွက် ခုတင်(၅၀)ဆံ့ဆေးရုံအဖြစ် မျှော်မှန်းတည်ဆောက်နိုင်မယ်ဆိုရင် ပိုမိုအဆင်ပြေမှာ ဖြစ်ပါတယ်။ ဒါကြောင့် (၂၅)ကုတင်ဆံ့ တိုင်းရင်းဆေးရုံ(၁)ရုံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ ပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ ဟောင်ပါးကျေးရွာအုပ်စု၊ တာမခံကျေးရွာ (၂၅)ခုတင်ဆံ့ဆေးရုံတွင် သွားဆရာဝန်၊ ခါတ်မှန် ကျွမ်းကျင်ပညာရှင်များ ခန့်ထားခြင်းနှင့် ဓာတ်မှန်ပစ္စည်းများချထားပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမြအုန်း က ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ ဟောင်ပါးကျေးရွာအုပ်စု၊ တာမခံကျေးရွာ (၂၅)ခုတင်ဆံ့ဆေးရုံတွင် သွားဆရာဝန်၊ ဓာတ်မှန်ကျွမ်းကျင်ပညာရှင်များ ခန့်ထားခြင်းနှင့် ဓာတ်မှန်ပစ္စည်းများ ချထားပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဦးမြအုန်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာပါဟု ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမြအုန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ ဟောင်ပါးကျေးရွာအုပ်စု၊ တာမခံကျေးရွာ (၂၅)ခုတင်ဆံ့ဆေးရုံတွင် သွားဆရာဝန်၊ ဓာတ်မှန် ကျွမ်းကျင်ပညာရှင်များ ခန့်ထားခြင်းနှင့် ဓာတ်မှန်ပစ္စည်းများ ချထားပေးနိုင်မှု အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းတစ်ခု တင်ပြလိုပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ ဟောင်ပါးကျေးရွာအုပ်စု၊ တာမခံကျေးရွာ (၂၅)ခုတင်ဆံ့ဆေးရုံတွင် ပတ်ဝန်းကျင် ကျေးရွာများဖြစ်သည့် နန့်နားလှိုင်၊ ဟောင်ပါး၊ ဟိုမ၊ ဆယ်ဇင်း၊ နန့်ပါဟုတ်၊ နန့်စပိန်း၊ ကွမ်းဟဲ၊ ရွှေတောင်ကျော်၊ ဟွေ့ဆိုင်း၊ ဘုရားတောင်၊ နတ်လယ်ကွင်း စသည့်ကျေးရွာများမှာ ဒေသခံပြည်သူများက ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် အားကိုးပြီး ဆေးဝါးကုသခံယူနေရပါတယ်။ အဖြစ်အများဆုံး ရောဂါများမှာ ထိခိုက်ကျိုးပဲ့ဒဏ်ရာများ၊ ငှက်ဖျားရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ဝမ်းလျှောဝမ်းပျက်ရောဂါ၊ သွားနဲ့ ပတ်သက်သည့် ရောဂါများ အများဆုံး ဖြစ်ပွားလျက်ရှိပြီး တစ်လလျှင် ပျမ်းမျှလူနာ(၃၀၀)ဦးခန့် တက်ရောက်ကုသလျက် ရှိပါတယ်။ အဲဒီလို တက်ရောက်ကုသရာမှာ အခြားရောဂါများအတွက် ကုသရန် အဆင်ပြေနိုင်ခဲ့သော်လည်း သွားရောဂါနဲ့ ပတ်သက်၍ သွားဆရာဝန်၊ ဓာတ်မှန်ကျွမ်းကျင်ပညာရှင်နှင့် ဓာတ်မှန်ပစ္စည်းများ လိုအပ်လျက်ရှိပြီး ဆေးကုသရန် လွန်စွာခက်ခဲလျက် ရှိပါတယ်။ ဖားကန့်မြို့နယ်နှင့် (၁၉)မိုင်ခန့် ကွာဝေးပြီး ကသိုဏ်းတောင်ကြီး ခြားထား၍ မိုးတွင်းကာလမှာ သွားလာရေးနှင့် လမ်းပန်းဆက်သွယ်ရေး လွန်စွာခက်ခဲသော ဒေသတစ်ခု ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ ဟောင်ပါးကျေးရွာအုပ်စု၊ တာမခံကျေးရွာ (၂၅)ခုတင်ဆံ့ဆေးရုံတွင် သွားဆရာဝန်၊ ဓာတ်မှန်ကျွမ်းကျင်ပညာရှင်များ ခန့်ထားခြင်းနှင့် ဓာတ်မှန်ပစ္စည်းများ ချထားပေးနိုင်မှု အစီအစဉ် ရှိ/မရှိ သိလိုပါသဖြင့် ဒေသခံပြည်သူများ၏ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ ရေနံကြီးကျေးရွာ ကျေးလက်ကျန်းမာရေးဌာနကို (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ အဖြစ်သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) ဦးတင်ဝင်း က မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ ရေနံကြီးကျေးရွာ ကျေးလက်ကျန်းမာရေးဌာနကို (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံအဖြစ်သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဦးတင်ဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဝန်ကြီးများနဲ့ ဒုတိယဝန်ကြီးများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ ခင်ဗျား။ အားလုံး မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ဆက်အပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်း ဖြစ်ပါတယ်။

ကျွန်တော် တင်ပြမေးမြန်းသွားမယ့် မေးခွန်းကတော့ အောင်လံမြို့နယ်၊ ရေနံကြီးအခြေစိုက် ရေနံကြီးကျေးရွာ၊ ကျေးလက်ကျန်းမာရေးဌာနကို (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံအဖြစ် အဆင့် မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိကို တင်ပြမေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ပထမဦးစွာ မကွေးတိုင်း ဒေသကြီး အောင်လံမြို့နယ် ရေနံကြီးတိုက်နယ် ရေနံကြီးကျေးရွာ၏ ပထဝီအနေအထားကို တင်ပြလို ပါတယ်။ ရေနံကြီးကျေးရွာဟာ အောင်လံမြို့နဲ့(၁၀)မိုင်ကျော် ဝေးကွာပါတယ်။ မိုင်အားဖြင့် မကွာဝေး သော်လည်းပဲ လမ်းပန်းဆက်သွယ်ရေး ခက်ခဲလှပါတယ်။ အောင်လံ၊ ဆင်ပေါင်ဝဲနယ်စပ် ကန်နှစ်ဆင့် ကျေးရွာလမ်းပေါက်မှတစ်ဆင့် (၃)မိုင်ခန့် ဝင်ရောက်ရပါတယ်။ လက်ရှိလမ်းမှာ မြေသားလှည်းလမ်း သာဖြစ်ပြီး မိုးတွင်းအခါ ရေစီးလျှော ရွှံ့မြေများကြောင့် အထူးပင် သွားလာရေး ခက်ခဲလှပါတယ်။ ရေနံကြီးအခြေစိုက်မှာ မိုးကောင်းကျေးရွာအုပ်စု၊ ရေပြင်းကျေးရွာအုပ်စု၊ မိုးဖုံးကျေးရွာအုပ်စု၊ ရွှေညောင်ပင်ကျေးရွာအုပ်စု၊ မောက်တင်ကျေးရွာအုပ်စု၊ တလုပ်ချောင်းကျေးရွာအုပ်စု၊ မြို့သစ် ကျေးရွာအုပ်စု၊ ရွှေပန်းတောလေးကျေးရွာအုပ်စု၊ ကြက်ရိုးလေးကျေးရွာအုပ်စု၊ ရေနံကြီးကျေးရွာ အုပ်စုနဲ့ စစ်အောင်ကျေးရွာအုပ်စုများ ပါဝင်ပါတယ်။

၎င်းအပြင် ဆင်ပေါင်ဝဲမြို့နယ်အတွင်းမှ ရှားစေးဘိုကျေးရွာအုပ်စု၊ ကျောင်းကုန်းကျေးရွာ အုပ်စု၊ လေးဒူးကွဲကျေးရွာအုပ်စု၊ သူငှားကျေးရွာအုပ်စုများ တစ်ဆက်တစ်စပ်တည်း တည်ရှိနေ တာကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။ ယင်းကျေးရွာအားလုံးဟာလည်း ချောင်ကျပြီးတော့ လမ်းပန်း ဆက်သွယ်ရေးခက်ခဲကြသဖြင့် ကျန်းမာရေးမှသည် ပညာရေးအဆုံး ခေတ်နောက်ကျနေဆဲ ဖြစ်နေ ကြောင်း လေ့လာတွေ့ရှိရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ အောင်လံမြို့နယ် လွှတ်တော်ကိုယ်စားလှယ် များရဲ့ ရေနံကြီးကျေးရွာသို့ ဒေသဖွံ့ဖြိုးရေးခရီးစဉ် ကွင်းဆင်းခဲ့ကြရာမှာ ဒေသခံပြည်သူများက ၎င်းတို့ အခြေစိုက်သည့် မြို့နဲ့ အလှမ်းမဝေးသော်လည်း လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုကြောင့်

အစစအရာရာ ခေတ်နောက်ကျ ကျန်ခဲ့ကြောင်း၊ အထူးသဖြင့် ကျန်းမာရေးကဏ္ဍတွင် မိုးရာသီ၌ များစွာအခက်အခဲ တွေ့ရပါကြောင်း၊ ကျေးလက်ကျန်းမာရေးဌာန ရှိသော်လည်း မိုးရာသီတွင် မြို့နယ်ဆေးရုံသို့ ဆက်လက်ကုသရန် လိုအပ်လာပါက များစွာအခက်အခဲ ဖြစ်ရကြောင်း၊ အချို့ မလိုအပ်ဘဲ အသက် ဆုံးရှုံးခဲ့ကြရကြောင်း၊ အောင်လံမြို့နယ်တွင် မြို့နယ်၏ တောင်ဘက်ခြမ်းနှင့် အရှေ့ဘက်ခြမ်းတို့တွင်သာ တိုက်နယ်ဆေးရုံ ရှိကြပြီး မြို့နယ်မြောက်ခြမ်းတွင်လည်းကောင်း၊ နီးစပ်ရာ ဆင်ပေါင်ဝဲမြို့နယ်အတွင်း ကျေးရွာတစ်ရွာရွာတွင်လည်းကောင်း တိုက်နယ်ဆေးရုံ မရှိသေးဘဲ ဖြစ်နေပါကြောင်း၊ သို့ဖြစ်၍ ရေနံကြီးအခြေစိုက် ရေနံကြီးကျေးရွာတွင် ရှိပြီးဖြစ်သော ကျေးလက်ကျန်းမာရေးဌာနကို အဆင့်မြှင့်၍ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံအဖြစ်သို့ တိုးမြှင့် ဖွင့်လှစ်ပေးရန် အများပြည်သူတို့က လိုလားလျက်ရှိပါကြောင်း တင်ပြခဲ့ကြပါတယ်။ အောင်လံမြို့နယ် ရေနံကြီး အခြေစိုက် ကျေးရွာအုပ်စု (၁၁)အုပ်စုတွင်ပင် လူဦးရေ (၂၅၀၀၀)ခန့် ရှိပါတယ်။ ဒေသခံပြည်သူတို့ တင်ပြထားသည့်အတိုင်း အောင်လံမြို့နယ် မြောက်ခြမ်းသည် အစစအရာရာ ခေတ်နောက်ကျ ကျန်ရစ်ခဲ့ပါသဖြင့် ၎င်းကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနအား (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးသင့်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ လေ့လာတွေ့ရှိရပါတယ်။ ဆေးရုံမြေနေရာအတွက်လည်း အခက်အခဲ မရှိတဲ့အတွက် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးနိုင်ပါရန် ထောက်ခံတင်ပြအပ်ပါတယ်။ ဖွင့်လှစ်ခွင့်ရမည်ဆိုပါက အောင်လံမြို့နယ် မြောက်ခြမ်းတစ်ခွင်သာမက ဆင်ပေါင်ဝဲမြို့နယ်အရှေ့ခြမ်း ကျေးလက်ပြည်သူများပါ အကျိုးရှိမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အောက်ဖော်ပြပါ မေးခွန်းများကို ဖြေကြားပေးနိုင်ပါရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါတယ်။
(က) မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ ရေနံကြီးအခြေစိုက် ရေနံကြီးကျေးရွာ ကျေးလက်ကျန်းမာရေးဌာနကို (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ အဖြစ်သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ၊
(ခ) အစီအစဉ် ရှိပါက မည်သည့် ဘဏ္ဍာရေးနှစ်တွင် တိုးမြှင့်ဖွင့်လှစ်ပေးမည်ကို သိရှိလိုပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၂၅။**

**ဒေါက်တာဝင်းမြင့် (ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး အမှတ်(၁)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောမော်ထွန်း ရဲ့ ကြယ်ပွင့်ပြ မေးခွန်းကို ဦးစွာ ဖြေဆိုခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန အနေနဲ့ ပြည်သူလူထုရဲ့ ကျန်းမာရေးကို တိုင်းရင်းဆေးပညာဖြင့် စောင့်ရှောက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနဲ့ ပြည်နယ် မြို့နယ်များမှာ တိုင်းရင်းဆေးရုံများ ဖွင့်လှစ်ကုသ ပေးလျက်ရှိပါတယ်။ လက်ရှိ အနေအထားအရ တစ်ပြည်လုံးမှာ ဆေးရုံ(၁၆)ရုံနဲ့ ဆေးခန်းပေါင်း(၂၃၇)ခုနဲ့ ကျန်းမာရေး စောင့်ရှောက်မှုများကို

ဆောင်ရွက်နေပါတယ်။ ရန်ကုန်နဲ့ မန္တလေးမြို့များမှာ ခုတင်(၁၀၀)ဆံ့ သင်ကြားရေး တိုင်းရင်းဆေးရုံကြီးများ ဖွင့်လှစ်ထားပြီးတော့ ကျန်ဒေသကြီး ပြည်နယ်များမှာရှိတဲ့ စစ်ကိုင်း တိုင်းဒေသကြီး မုံရွာ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နဲ့ မကွေးတိုင်းဒေသကြီး မကွေးတို့မှာ ခုတင်(၅၀)ဆံ့ တိုင်းရင်းဆေးရုံတို့ ဖွင့်လှစ်ထားရှိပြီး ဖြစ်ပါတယ်။ ကျန်တိုင်းဒေသကြီး ပြည်နယ်မြို့ များမှာရှိတဲ့ မြို့များမှာ ကျွန်တော်တို့ (၁၆)ခုတင်ဆံ့ တိုင်းရင်းဆေးရုံများနဲ့ ခုတင်(၅၀)ဆံ့ဆေးရုံများနဲ့ စီစဉ်ဆောင်ရွက်လျက်ရှိရာမှာ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့မှာလည်း ကျွန်တော်တို့ ခုတင်(၅၀)ဆံ့ တိုင်းရင်းဆေးရုံ(၁)ရုံ တည်ဆောက်ရန်အတွက် ကျွန်တော်တို့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ စီမံဆောင်ရွက်လျာထားပြီး ဖြစ်ပါကြောင်း ပြန်လည်ဖြေကြား တင်ပြအပ်ပါတယ်။

ကျွန်တော်တို့ ဒုတိယမေးခွန်းဖြစ်တဲ့ ကချင်ပြည်နယ် အမှတ်(၈)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြအုန်း ရဲ့ ကြယ်ပွင့်ပြမေးခွန်းကို ဖြေကြားခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနအနေနဲ့ ဖားကန့်မြို့ ပြည်သူ့ဆေးရုံမှာ ကျွန်တော်တို့ သွားဆရာဝန်များ ရှိတဲ့အတွက် လောလောဆယ် လက်ရှိအားဖြင့် တာမခံပြည်သူ့ဆေးရုံမှာ သွားပြီးတော့ ရက်သတ္တပတ်(၁)ပတ်ကို (၂)ရက်စီ သွားကျန်းမာရေးလုပ်ငန်းများ စောင့်ရှောက်ပေးနိုင်ရေး အတွက် ကျွန်တော်တို့ စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ နောက် ဒုတိယဓာတ်မှန်ပစ္စည်းများနဲ့ ပတ်သက်လို့တော့ တာမခံ ခုတင်(၂၅)ဆံ့ဆေးရုံအတွက် လိုအပ်တဲ့ ဓာတ်မှန်စက်နဲ့ ဓာတ်မှန်ပစ္စည်းများကို ကျွန်တော်တို့ စိစစ်ထောက်ပံ့ပေးသွားမှာ ဖြစ်တဲ့အတွက် သက်ဆိုင်ရာ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ကနေတစ်ဆင့် တင်ပြဖို့ ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ လာတာနဲ့ ကျွန်တော်တို့ စီစဉ်ထောက်ပံ့ပေးသွားမှာ ဖြစ်ပါတယ်။ လိုအပ်တဲ့ ဆေးဘက်ကျွမ်းကျင်(၄) ဓာတ်မှန်ကတော့ ကျွန်တော်တို့ ဒေသခံများကိုပဲ မွေးထုတ်ပြီးတော့ တာဝန်ပေးတာ ဖြစ်တဲ့အတွက် ၂၀၁၁ ခုနှစ်၊ ဩဂုတ်တုန်းက ကျွန်တော်တို့ သင်ကြားပို့ချခဲ့တဲ့ ဆေးဘက်ကျွမ်းကျင်(၄) ဓာတ်မှန် သင်တန်းဆင်းများထဲမှာတော့ တာမခံဆေးရုံက သင်တန်းတက်သူ အဆိုပြုသူ မရှိတဲ့အတွက် ခန့်ထားရာမှာ ပါဝင်ခဲ့ခြင်း မရှိပါဘူး။ သို့သော် နောက်တစ်ကြိမ် သင်တန်းခေါ်ယူခဲ့မယ် ဆိုရင်တော့ တာမခံ ပြည်သူ့ဆေးရုံက အငယ်တန်းဝန်ထမ်းတစ်ဦးကို ခေါ်ယူပြီးတော့ ဓာတ်မှန် အကျဉ်းချုံး သင်တန်းပေးပြီးတော့ တာဝန်ပေး ခန့်ထားပေးမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားတင်ပြအပ်ပါတယ်။

တတိယမေးခွန်းဖြစ်တဲ့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတင်ဝင်း ရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်လို့ မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် ရေနံ့ကြီးအခြေစိုက် ရေနံ့ကြီးကျေးရွာ ကျေးလက်ကျန်းမာရေးဌာနကို (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံအဖြစ် မြှင့်တင်နိုင်ရေးအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်းမှာ စီစဉ်ဆောင်ရွက်ပေးရန် လျာထားပေးပြီးဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**တနင်္သာရီတိုင်းဒေသကြီးအတွင်း မဟာဓာတ်အားလိုင်း မရောက်ရှိမီ လျှပ်စစ်တစ်ယူနစ်ကို သင့်တင့်လျောက်ပတ်သောဈေးဖြင့် ရရှိနိုင်ရန်အတွက် လျှပ်စစ်ဖြန့်ဖြူးရေး အစီအမံများကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးတိုးဝင်း က တနင်္သာရီတိုင်းဒေသကြီးအတွင်း မဟာဓာတ်အားလိုင်း မရောက်ရှိမီ လျှပ်စစ်တစ်ယူနစ်ကို သင့်တင့်လျောက်ပတ်သောဈေးဖြင့် ရရှိနိုင်ရန်အတွက် လျှပ်စစ်ဖြန့်ဖြူးရေး အစီအမံများကို သိရှိလိုခြင်း နဲ့ စပ်လျဉ်းတဲ့ မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၉။**

**ဦးတိုးဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်အပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတိုးဝင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် မေးမြန်းမယ့် မေးခွန်းကတော့ တနင်္သာရီတိုင်းဒေသကြီးအတွင်း မဟာဓာတ်အားလိုင်း မရောက်ရှိမီ လျှပ်စစ်တစ်ယူနစ်ကို သင့်တင့်လျောက်ပတ်သောဈေးနှုန်းဖြင့် ရရှိရန်အတွက် လျှပ်စစ်ဖြန့်ဖြူးရေး အစီအမံများကို သိရှိလိုပါကြောင်း မေးမြန်းရန် ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီးအတွင်းတွင် မြို့နယ်(၁၀)မြို့နယ်နဲ့ မြို့နယ်ခွဲ(၆)ခု ရှိပါတယ်။ ၎င်းမြို့နယ်၊ မြို့နယ်ခွဲ အားလုံးအတွက် လျှပ်စစ်ဖြန့်ဝေမှုမှာ ပုဂ္ဂလိက လျှပ်စစ်ဓာတ်အားပေးစနစ်များဖြင့်သာ လျှပ်စစ် သုံးစွဲနေရပါတယ်။ မြို့နယ်၊ မြို့နယ်ခွဲအားလုံးဟာ လျှပ်စစ်တစ်ယူနစ်ကို ဒီဇယ်ဈေး အတက်အကျပေါ်တွင် မူတည်ပြီး (၄၅၀)ကျပ်မှ (၇၀၀)ကျပ်အတွင်း ပေးဆောင်ပြီး သုံးစွဲနေရပါတယ်။ ကော့သောင်းမြို့ တစ်မြို့သာလျှင် ပုဂ္ဂလိက ကျောက်မီးသွေး ဓာတ်အားပေးစက်ရုံက တစ်ယူနစ် (၃၅၀)ကျပ်နှုန်းဖြင့် ဖြန့်ဖြူးနေတာကို တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လျှပ်စစ်ဓာတ်အားခများ များပြားခြင်းဟာ ကျွန်တော်တို့ တိုင်းအတွင်းမှာ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး အစီအမံများအတွက်လည်း များစွာထိခိုက်စေပါတယ်။ ဒါကြောင့် ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီးအတွင်းမှာ နိုင်ငံတော်မှ ဖြန့်ဖြူးပေးတဲ့ လျှပ်စစ် တစ်ယူနစ်(၃၅)ကျပ်နှုန်းနဲ့ နှိုင်းစာလျှင် အဆပေါင်းများစွာ ကွာခြားလျက်ရှိတာကို တွေ့ရှိရပါတယ်။ ဒါကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများကိုယ်စား မေးမြန်းချင်တဲ့ မေးခွန်းကတော့ တနင်္သာရီတိုင်းဒေသကြီးအတွင်း မဟာဓာတ်အားလိုင်း မရောက်ရှိမီ လျှပ်စစ်တစ်ယူနစ်ကို သင့်တင့်လျောက်ပတ်သောဈေးနှုန်းဖြင့် ရရှိနိုင်ရန်အတွက် လျှပ်စစ်ဖြန့်ဖြူးမည့် အစီအမံများကို သိရှိလိုပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၃၀။**

**ဦးအောင်သန်းဦး (ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေရန် ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအောင်သန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတိုးဝင်း ၏ မေးမြန်းချက်များကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။

တနင်္သာရီတိုင်းဒေသကြီးအတွင်းမှာ မဟာဓာတ်အားလိုင်းမရောက်ရှိမီ မြို့များ မီးလင်းရေးအတွက် မီးလင်းရေးကော်မတီများ ဖွဲ့စည်းပြီး ဒီဇယ်ဓာတ်အားပေးစက်များနဲ့ မောင်းနှင်ထုတ်လုပ်ပြီး ပြင်ပလောင်စာဆီကို ဝယ်ယူသုံးစွဲ၍ ဓာတ်အား ဖြန့်ဖြူးခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိပါတယ်။ လောင်စာဆီမှာလည်း ဒေသလမ်းပန်းဆက်သွယ်ရေး အခက်အခဲ ပေါ်မူတည်ပြီး ဈေးနှုန်းများ ကွာခြားခြင်းကြောင့် တစ်မြို့နဲ့တစ်မြို့ ဓာတ်အားခတစ်ယူနစ် ဈေးနှုန်းမှာလည်း ကွာခြားလျက်ရှိပါတယ်။ လောင်စာဆီကုန်ကျစရိတ် ဈေးနှုန်းပေါ်မူတည်ပြီး မီးလင်းရေးကော်မတီများရဲ့ တွက်ချက်တင်ပြမှုကို သက်ဆိုင်ရာ မြို့နယ်ခရိုင်အုပ်ချုပ်ရေးမှူးရုံးများမှ စိစစ်တွက်ချက်ပြီး သဘောတူ ခွင့်ပြုချက်ဖြင့် ကောက်ခံလျက်ရှိပါတယ်။ တနင်္သာရီတိုင်းဒေသကြီးအတွင်းမှာ ထားဝယ်ခရိုင် ကလိန်အောင်မြို့နယ်ခွဲ ကန်ဘောက်ဒေသမှာ(၅၀၀)မဂ္ဂါဝပ်ရှိ သဘာဝဓာတ်ငွေ့ ဓာတ်အားပေးစက်ရုံစီမံကိန်း၊ မော်လမြိုင်-ရေး-ထားဝယ် မဟာဓာတ်အားလိုင်းစီမံကိန်း၊ မြိတ်မြို့မှာ (၅၀)မဂ္ဂါဝပ် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံစီမံကိန်း၊ မေတ္တာမြို့နယ်မှာ (၂၀၀)မဂ္ဂါဝပ် လေအားလျှပ်စစ်စီမံကိန်းနဲ့ ဘုတ်ပြင်းမြို့နယ် မနောလုံဒေသမှာ (၅၀၀)မဂ္ဂါဝပ် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံစီမံကိန်းများကို ဖြစ်မြောက်နိုင်စွမ်းလေ့လာမှု လုပ်ငန်းများ ဆောင်ရွက်လျက်ရှိနေပြီ ဖြစ်ပါတယ်။ အဆိုပါ စီမံကိန်းများရဲ့ စီမံကိန်း ဖြစ်မြောက်နိုင်မှု လေ့လာရေး အစီရင်ခံစာများကို တွက်ချက်ပြီးတဲ့အခါမှာ ကုန်ကျစရိတ်များ သိရှိရမှာ ဖြစ်ပါတယ်။ အဲဒီကုန်ကျစရိတ်များကို စိစစ်ပြီး စီမံကိန်းများ ဆောင်ရွက်ပြီးစီးတဲ့အခါမှာ လက်ရှိတောင်းခံနေသော ဓာတ်အားခထက် ပမာဏလျော့နည်းစွာဖြင့် ဓာတ်အားဖြန့်ဖြူးပေးနိုင်မည် ဖြစ်ပါကြောင်း ဖြေကြားရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။ လေးစားပါတယ်။

## ဂွမြို့နယ် လေယာဉ်ကွင်းအား ပြန်လည်ပြုပြင်လျက် လေယာဉ် ခရီးစဉ်များ ပြန်လည်ပြေးဆွဲပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင် က ဂွမြို့နယ် လေယာဉ်ကွင်းအား ပြန်လည်ပြုပြင်လျက် လေယာဉ် ခရီးစဉ်များ ပြန်လည်ပြေးဆွဲပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၃။**

**ဦးအုန်းတင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဧည့်သည်တော်ကြီးများ အားလုံး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေလို့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ကျွန်တော် ဦးအုန်းတင် က ဆုတောင်းရင်း ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော် မေးလိုတဲ့ မေးခွန်းကတော့ ဂွမြို့နယ်မှာ ရှိတဲ့ လေယာဉ်ကွင်းအဟောင်းကို ပြန်ပြုပြင်ပြီးတော့ ပြန်လည်ပြေးဆွဲခြင်းအားဖြင့် ခရီးသွား ခရီးလာ အဆင်ပြေမယ့်အကြောင်းကို မေးမြန်းမယ့်ကိစ္စ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဂွမြို့နယ်သည် သံတွဲခရိုင်အတွင်းရှိ မြို့နယ်တစ်ခုဖြစ်ပြီး ရခိုင်ပြည်နယ်ရှိ မြို့နယ်(၁၇)မြို့နယ်အနက် တောင်ဘက်အစွန်ဆုံးတွင် တည်ရှိသော မြို့နယ်တစ်ခု ဖြစ်ပါတယ်။ ဂွမြို့နယ်အတွင်းရှိ နေထိုင်သူများမှာ ဆန်စပါးစိုက်ပျိုးခြင်း၊ အုန်းသီးပင်၊ ကွမ်းသီးပင်၊ ဓနိခင်း စသော ဥယျာဉ်ခြံမြေများကို စိုက်ပျိုးလုပ်ကိုင်ခြင်းနှင့် ရေလုပ်ငန်းများကို လုပ်ကိုင်ခြင်း စသည်တို့ဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြသူများ ဖြစ်ကြပါတယ်။ ဂွမြို့နယ်တွင် မိုင်(၆၀)ကျော် ရှည်လျားသည့် သာယာလှပသော ကမ်းသာယာ ပင်လယ်ကမ်းခြေတစ်ခုလည်း ရှိပါတယ်။

သို့သော် လမ်းပန်းဆက်သွယ်မှု အလွန်ခက်ခဲသည့်အတွက် မြို့နယ်မှ ထွက်ရှိသော ကုန်ပစ္စည်း များအား တခြားသော မြို့နယ်များသို့ ပို့ဆောင်ရန် အခက်အခဲ ရှိခြင်းကြောင့် ကုန်စည် စီးဆင်းမှု နှေးကွေးခြင်း၊ မြို့နယ်အတွင်းရှိ လူများ၏ ခရီးသွားလာရေး ခက်ခဲမှုကြောင့် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အစရှိသော လူမှုရေး ဖွံ့ဖြိုးမှုဆိုင်ရာ အခက်အခဲ အဟန့်အတားများနှင့် ရင်ဆိုင်ကြုံတွေ့နေကြရပါတယ်။ ဂွမြို့မှ ရခိုင်ပြည်နယ်၏မြို့တော်ဖြစ်သော စစ်တွေမြို့သို့ သွားရောက်ရသည့် လမ်းပန်းဆက်သွယ်ရေးမှာ ယနေ့တိုင် ခက်ခဲမှု ရှိနေပြီး အမြန်ဆုံးအားဖြင့် (၂)ရက်ကြာ သွားနေရပါတယ်။ ဂွမြို့မှ ရန်ကုန်မြို့သို့ မိုင်(၁၆၀)သာ ကွာဝေး သော်လည်း ဂွ-ငသိုင်းချောင်း လမ်းမှာ လမ်းကျဉ်းပြီး ကတ္တရာလမ်း မဟုတ်သဖြင့် (၂)ရက်နီးပါးခန့် သွားနေရပါတယ်။ ဂွ-သံတွဲ ကားလမ်းမှာလည်း အင်္ဂလိပ်ခေတ်ကပင် ဖောက်လုပ်ခဲ့သောလမ်းဖြစ်ရာ ယနေ့အထိ ကျောက်ကြမ်း လမ်းအဖြစ်သာ ရှိနေဆဲ ဖြစ်ပါတယ်။ ဒီလို လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုကြောင့် ဂွမြို့နယ်တွင် နေထိုင်ကြတဲ့ ပြည်သူလူထုအပေါင်းမှာ အရေးကြီးကိစ္စ ပေါ်ပေါက်လာတဲ့အခါ အထူးသဖြင့် ကျန်းမာရေး အရေးကိစ္စများ ပေါ်ပေါက်လာတဲ့အခါမှာ များစွာအခက်အခဲနှင့် ရင်ဆိုင်ကြုံနေကြရပါတယ်။ ဂွမြို့တွင် ယခင်က အလျားပေ(၇၀၀၀)၊ အနံပေ(၃၀၀)ရှိသော လေယာဉ်ကွင်း တစ်ကွင်း ရှိခဲ့ပြီး ၁၉၇၂ ခုနှစ်မှ ၁၉၈၃ ခုနှစ်အထိ နှစ်စဉ် စက်တင်ဘာလမှ မေလအထိ ရက်သတ္တ (၁)ပတ်လျှင် (၂)ကြိမ်ကျ ဒါကိုတာ နှင့် တွင်အော်တာ လေယာဉ်များဖြင့် ခရီးစဉ်များ ပြေးဆွဲပေးခဲ့ပါတယ်။ ယခု

အခါမှာ ဒီလေယာဉ်ကွင်းတွေကို ပြန်လည်ပြုပြင်ပြီး လေယာဉ်ခရီးစဉ်များ ပြန်လည်ပြေးဆွဲပေးမည်ဆိုပါက နံပါတ်(က) ဒေသခံပြည်သူများရဲ့ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အစရှိသော လူမှုရေးအခက်အခဲများကို လျှော့နည်းကျဆင်းစေခြင်း (ခ) ပြည်တွင်းပြည်ပ ခရီးသွားများ ဂွမြို့သို့ အလွယ်တကူလာရောက်နိုင်ခြင်းကြောင့် ခရီးသွားလုပ်ငန်းများနှင့် ဟိုတယ်လုပ်ငန်းများ စည်ကားလာနိုင်ပြီး ဒေသခံပြည်သူများရဲ့ လူနေမှု အဆင့်အတန်း မြင့်မားလာခြင်း စတဲ့ အကျိုးကျေးဇူးတွေကို ခံစားနိုင်ခွင့်ရရှိမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဂွမြို့နယ် လေယာဉ်ကွင်းအား ပြန်လည်ပြုပြင်လျက် လေယာဉ်ခရီးစဉ်များ ပြန်လည်ပြေးဆွဲပေးရန် အစီအစဉ် ရှိ/မရှိ သိလိုပါသည်။ အကယ်၍ရှိသည်ဆိုပါက မည်သည့်အချိန်လောက်တွင် စတင်လုပ်ဆောင် ပြေးဆွဲမည်ဖြစ်ကြောင်းကိုလည်း သိလိုပါသည်။ အကယ်၍ ခရီးအစီအစဉ် မရှိဆိုပါက အဘယ်ကြောင့်နည်း သိချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၃၈။**

**ဦးဟံစိန် (ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြုအပ်ပါတယ်။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအုန်းတင် က အမျိုးသားလွှတ်တော်သို့ တင်ပြမေးမြန်းထားတဲ့ မေးခွန်းကို ကျွန်တော် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန် မှ ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီမေးခွန်းမှာ ပါတဲ့ ဂွမြို့ လေယာဉ်ကွင်းဟာ ဆိုလို့ရှိရင် ရခိုင်ပြည်နယ် ဂွမြို့ ပင်လယ်ကမ်းစပ်နှင့်အပြိုင် မြောက်လတ္တီတွဒ် (၁၇)ဒီဂရီ၊ (၃၆)မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် (၉၄)ဒီဂရီ၊ (၃၅)မိနစ် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ (၁၁)ပေမှာ တည်ရှိပါတယ်။ ကွင်းဆင်းစစ်ဆေးချက်များအရ လေယာဉ်ပြေးလမ်းဟာ အလျား (၄၂၆၀)ပေနှင့် အကျယ်(၁၀၀)ပေ ပြေးလမ်းဦးတည်ရပ်မှာ (၀၃၀)ဒီဂရီနှင့် (၂၁၀)ဒီဂရီ အနေအထား ရှိပြီးတော့ ကြိတ်လိုမ့်ထားတဲ့ မြေသားလမ်းသာ ဖြစ်ပါတယ်။

ဂွမြို့ လေယာဉ်ကွင်းမှာ ၁၉၇၂ ခုနှစ်က စတင်ပြီးတော့ တွင်အော်တာ လေယာဉ်များ ဆင်းသက်ပြီး ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သော်လည်း ၁၉၈၃ ခုနှစ်မှာ လေယာဉ်ခရီးစဉ်ပြေးဆွဲမှုများကို ရပ်ဆိုင်းခဲ့ပါတယ်။ အဲဒီနောက် လေယာဉ်ကွင်းအား ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်ခြင်း မရှိခဲ့တဲ့အတွက်ကြောင့်မို့လို့ လက်ရှိ လေယာဉ်ပြေးလမ်းမှာ လေယာဉ်များဆင်းသက်နိုင်မှု မရှိသည့်အခြေအနေကို ရောက်ရှိနေပါတယ်။ ရခိုင်ပြည်နယ်အတွင်းမှာ သံတွဲလေယာဉ်ကွင်း၊ စစ်တွေလေယာဉ်ကွင်း၊ ကျောက်ဖြူလေယာဉ်ကွင်းနဲ့ အမ်းလေယာဉ်ကွင်းများဟာ တည်ဆောက်ထားရှိပြီးတော့ လေယာဉ်ခရီးစဉ်များလည်း ပုံမှန်ပြေးဆွဲပေးလျက်ရှိပါတယ်။

ဂွမြို့ဟာဆိုလို့ရှိရင် သံတွဲမြို့ကနေ (၈၃)မိုင်ခန့်အကွာမှာ တည်ရှိပါတယ်။ ဂွလေယာဉ်ကွင်းမှာ လက်ရှိမြန်မာ့လေကြောင်းမှ ဝယ်ယူပြေးဆွဲလျက်ရှိတဲ့ Beechcraft ကဲ့သို့သော လေယာဉ်ငယ်များ ဆင်းသက်မည်ဆိုပါက လက်ရှိလေယာဉ်ပြေးလမ်းအား ပြန်လည်ပြုပြင် မွမ်းမံခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်ဖို့အတွက်ကို နိုင်ငံတော်ကို ရန်ပုံငွေ တင်ပြတောင်းခံသွားရမှာဖြစ်ပြီးတော့ လေယာဉ်ဆင်းသက်မှုအတွက် လိုအပ်သည်များ ပြည့်စုံစွာ ထားရှိနိုင်ရေးအတွက် မွမ်းမံတည်ဆောက်ခြင်းလုပ်ငန်းများကိုလည်း အချိန်ယူပြီးတော့ ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဂွမြို့မှ ခရီးသွားလုပ်ငန်းများကို အခြေခံတဲ့ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပြီး လေယာဉ်ခရီးစဉ်များ ပျံသန်းပြေးဆွဲရန် လိုအပ်လာတဲ့အချိန်မှာတော့ ဂွလေယာဉ်ကွင်းကို မွမ်းမံတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းနဲ့ ယခု လောလောဆယ် ပြင်ဆင်ဆောင်ရွက်ပေးရန် မရှိသေးပါကြောင်း ပြန်လည် ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များမပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကို အသိပေး တင်ပြခြင်း**

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈)။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာသော မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ၂၉-၁-၂၀၁၃ ရက်နေ့တွင် ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆို တင်သွင်းပြီး ၂၇-၂-၂၀၁၃ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး ၁-၃-၂၀၁၃ ရက်နေ့တွင် ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက် မပြုဘဲ သဘောတူကြောင်း ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၉ အရ အကြောင်း ပြန်ကြားလာပါတယ်။

သို့ဖြစ်၍ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကို အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၁၊ နည်းဥပဒေခွဲ(က)အရ အမျိုးသားလွှတ်တော်သို့ အသိပေး တင်ပြအပ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များမပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကို အသိပေးတင်ပြခြင်း**

**အချိန်၊ ၁၀း၄၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာသော ပုဂ္ဂလိက ကျန်းမာရေး လုပ်ငန်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ၆-၂-၂၀၁၃ ရက်နေ့တွင် ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆိုတင်သွင်းပြီး ၂၀-၂-၂၀၁၃ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး ၂၁-၂-၂၀၁၃ ရက်နေ့တွင် ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခုအခါ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ပုဂ္ဂလိကကျန်းမာရေး လုပ်ငန်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များ မပြုဘဲ သဘောတူကြောင်း ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၉ အရ အကြောင်း ပြန်ကြားလာပါတယ်။

သို့ဖြစ်၍ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ပုဂ္ဂလိကကျန်းမာရေး လုပ်ငန်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကို အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၁၊ နည်းဥပဒေခွဲ(က)အရ အမျိုးသားလွှတ်တော်သို့ အသိပေး တင်ပြအပ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော အထူး ကာလ စည်းကမ်းသတ်နှင့် အတိုးကန့်သတ်ရေး အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များမပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကို အသိပေး တင်ပြခြင်း**

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာသော အထူးကာလစည်းကမ်းသတ်နှင့် အတိုးကန့်သတ်ရေး အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို ၂၁-၁-၂၀၁၃ ရက်နေ့တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားသူကြီးက အဆို တင်သွင်းပြီး ၂၅-၁-၂၀၁၃ ရက်နေ့တွင် ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ၂၅-၁-၂၀၁၃ ရက်နေ့တွင် ပြည်သူ့ လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော အထူးကာလ စည်းကမ်းသတ် နှင့် အတိုးကန့်သတ်ရေး အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များ မပြုဘဲ သဘောတူကြောင်း ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၉ အရ အကြောင်း ပြန်ကြားလာပါတယ်။

သို့ဖြစ်၍ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော အထူးကာလ စည်းကမ်းသတ်နှင့် အတိုးကန့်သတ်ရေး အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကို အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၁၊ နည်းဥပဒေခွဲ(က)အရ အမျိုးသားလွှတ်တော်သို့ အသိပေးတင်ပြအပ်ပါတယ်။

## ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက မြစ်ကျဉ်းသွားလာရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆို တင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(က)အရ မြစ်ကျဉ်းသွားလာရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုကို ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က လွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၃။**

**ဦးဟံစိန်၊ (ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်အနေနဲ့ မြစ်ကျဉ်းသွားလာရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ အဆိုတင်သွင်းသွားမှာ ဖြစ်ပါတယ်။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လိုက်နာကျင့်သုံးလျက်ရှိသော မြစ်ကျဉ်းသွားလာရေး အက်ဥပဒေကို ၁၉၀၇ ခုနှစ်၊ ဒီဇင်ဘာလ(၂၈)ရက်နေ့တွင် ထုတ်ပြန်ပြဋ္ဌာန်းခဲ့တာ ဖြစ်ပါတယ်။ မြစ်ကျဉ်းသွားလာရေး အက်ဥပဒေဟာ ခေတ်နဲ့ လိုက်လျောညီထွေမှု မရှိတော့သဖြင့် စကားရပ်များ အစားထိုးခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြစ်ဒဏ်များ ပြင်ဆင်ပြဋ္ဌာန်းခြင်းတို့ကို ဆောင်ရွက်နိုင်ရန်အတွက် မြစ်ကျဉ်းသွားလာရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်သို့ အဆိုတင်သွင်းအပ်ပါတယ်။ အမျိုးသားလွှတ်တော်မှ စဉ်းစားဆွေးနွေးပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၄၄။**

**ဦးဘိုးရယ်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘိုးရယ် ဖြစ်ပါတယ်။

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဒုတိယဝန်ကြီးက တင်သွင်းသွားတဲ့ မြစ်ကျဉ်း သွားလာရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က စဉ်းစား ဆွေးနွေးရန် အဆိုကို ကျွန်တော့်အနေနဲ့ ထောက်ခံအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မြစ်ကျဉ်းသွားလာရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း ကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြစ်ကျဉ်းသွားလာရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားရန် အမျိုးသားလွှတ်တော်၏ သဘောတူညီချက် ရယူခြင်း

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ။** ။ မြစ်ကျဉ်းသွားလာရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် က ဆွေးနွေးစဉ်းစားရန် သင့်၊ မသင့် လွှတ်တော်ရဲ့ သဘောထား ရယူမှာ ဖြစ်ပါတယ်။

မြစ်ကျဉ်းသွားလာရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် မြစ်ကျဉ်းသွားလာရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြစ်ကျဉ်းသွားလာရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၃)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မြစ်ကျဉ်းသွားလာရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုတဲ့ အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ် ရေးထိုးပြီး ၂၈-၆-၂၀၁၃ (သောကြာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

တင်သွင်းထားတဲ့ ဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို ဖတ်ကြားတင်သွင်းရန်နှင့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးရမယ့်နေ့ရက်ကို သီးခြားသတ်မှတ်ပေးမှာ ဖြစ်ပါတယ်။

## ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ရေကြောင်းအတားအဆီးများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆို တင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(က)အရ ရေကြောင်းအတားအဆီးများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန်အဆိုကို ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက လွှတ်တော်သို့ တင်သွင်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၇။**

**ဦးဟံစိန် (ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ကျွန်တော့်အနေနဲ့ ရေကြောင်းအတားအဆီးများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ အဆို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လိုက်နာကျင့်သုံးလျက်ရှိတဲ့ ရေကြောင်းအတားအဆီးများ အက်ဥပဒေကို ၁၈၈၁ ခုနှစ်၊ မတ်လ(၁၅) ရက်နေ့မှာ ထုတ်ပြန်ပြဋ္ဌာန်းခဲ့တာ ဖြစ်ပါတယ်။ အဲဒီရေကြောင်းအတားအဆီးများ အက်ဥပဒေဟာ ခေတ်နဲ့ လိုက်လျောညီထွေမှု မရှိတော့တဲ့အတွက် စကားရပ်များ အစားထိုးခြင်း၊ ပြစ်ဒဏ်များ ပြင်ဆင်ပြဋ္ဌာန်းခြင်းတို့ ဆောင်ရွက်နိုင်ရန်အတွက် ရေကြောင်းအတားအဆီးများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်သို့ အဆိုတင်သွင်းအပ်ပါတယ်။ အမျိုးသားလွှတ်တော်မှ စဉ်းစားဆွေးနွေးပေးနိုင်ပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၄၈။**

**ဦးစိုင်းတင်အောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဒုတိယဝန်ကြီးက တင်သွင်းသော ရေကြောင်းအတားအဆီးများ အက်ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းအဆိုကို အမျိုးသားလွှတ်တော်မှ ဆွေးနွေးစဉ်းစားပေးပါရန် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးစိုင်းတင်အောင် မှ ထောက်ခံကြောင်း တင်ပြအပ်ပါတယ်။

**အချိန်၊ ၁၀း၄၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရေကြောင်း အတားအဆီးများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရေကြောင်းအတားအဆီးများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားရန် အမျိုးသားလွှတ်တော်၏ သဘောတူညီချက် ရယူခြင်း

**အချိန်၊ ၁၀း၄၉။**

**ဥက္ကဋ္ဌ။** ။ ရေကြောင်းအတားအဆီးများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် က ဆွေးနွေးစဉ်းစားရန် သင့်၊ မသင့် လွှတ်တော်ရဲ့ သဘောထား ရယူမှာ ဖြစ်ပါတယ်။

ရေကြောင်းအတားအဆီးများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေး စဉ်းစားရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် ရေကြောင်းအတားအဆီးများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရေကြောင်းအတားအဆီးများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရေကြောင်းအတားအဆီးများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုတဲ့ အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ် ရေးထိုးပြီး ၂၈-၆-၂၀၁၃ (သောကြာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

တင်သွင်းထားတဲ့ ဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ ရှိချက်နဲ့ သဘောထားမှတ်ချက်တို့ကို ဖတ်ကြားတင်သွင်းရန်နှင့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးရန်နေ့ရက်ကို သီးခြားသတ်မှတ်ပေးမှာ ဖြစ်ပါတယ်။

## ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆို တင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(က)အရ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုကို ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက လွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၀။**

**ဦးဟံစိန် (ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ အဆို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်မှ လိုက်နာကျင့်သုံးလျက်ရှိသော မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ဥပဒေကို ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့မှာ ထုတ်ပြန်ပြဋ္ဌာန်းခဲ့တာ ဖြစ်ပါတယ်။ အဲဒီ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ဥပဒေကို လက်ရှိအခြေအနေနဲ့ ပိုမိုလိုက်လျောညီထွေမှု ရှိစေရန်အတွက် အစားထိုးခြင်း၊ ဖြည့်စွက်ခြင်း၊ ပြင်ဆင် ပြဋ္ဌာန်းခြင်းများ ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်သို့ အဆို တင်သွင်းအပ်ပါတယ်။ အမျိုးသားလွှတ်တော်မှ စဉ်းစားဆွေးနွေးနိုင်ရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၅၁။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၅၁။**

**ဦးညွန့်လှိုင်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က တင်သွင်းသွားသော မြန်မာနိုင်ငံ ရေကြောင်းတက္ကသိုလ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုကို ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ကျွန်တော် ဦးညွန့်လှိုင် က ထောက်ခံပါတယ်။

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားရန် အမျိုးသားလွှတ်တော်၏ သဘောတူညီချက် ရယူခြင်း

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ**။ ။ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် က ဆွေးနွေးစဉ်းစားရန် သင့်၊ မသင့် လွှတ်တော်ရဲ့ သဘောထား ရယူမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းကို ဆွေးနွေး စဉ်းစားရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၅၃။**

**ဥက္ကဋ္ဌ**။ ။ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုတဲ့ အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၂၈-၆-၂၀၁၃ (သောကြာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

တင်သွင်းထားတဲ့ ဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို ဖတ်ကြားတင်သွင်းရန်နှင့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးရန် နေ့ရက်ကို သီးခြားသတ်မှတ်ပေးမှာ ဖြစ်ပါတယ်။

**ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ ထုတ်ပြန်ပြဋ္ဌာန်းပြီး၊ အာဏာတည်ပြီးဖြစ်သော "ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဥပဒေ" ကို တိကျစွာ လိုက်နာကျင့်သုံးရေးအတွက် လိုအပ်သော အစီအမံများနှင့် အရေးယူဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်၊ မသင့် အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၅၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဥ်(၂၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ က ထုတ်ပြန်ပြဋ္ဌာန်းပြီး၊ အာဏာတည်ပြီးဖြစ်သော ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေး ဥပဒေကို တိကျစွာလိုက်နာ ကျင့်သုံးရေးအတွက် လိုအပ်သော အစီအမံများနှင့် အရေးယူဆောင်ရွက်သွားရန်နှင့် စပ်လျဥ်းသည့် အဆိုတစ်ရပ် တင်သွင်းလိုကြောင်း လွှတ်တော်သို့ ပေးပို့ထားပါတယ်။

ဦးခင်မောင်ရီ အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၄။**

**ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးအား အမှူးထား၍ တက်ရောက်လာကြသော ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် ဧည့်သည်တော်များကို လေးစားစွာ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီအဆိုကို ပြီးခဲ့တဲ့ ဆဌမအကြိမ်လွှတ်တော်ရဲ့ ပြီးကာနီးအပိုင်းမှာ တင်ပြီးခဲ့တဲ့အတွက်ကြောင့်၊ ထိုအချိန်က ဆောင်ရွက်ရန် အချိန်မရတဲ့အတွက်ကြောင့် ယခု ပြန်လည်တင်ပြရန် ခွင့်ပြုတဲ့ ဥက္ကဋ္ဌကြီးအား ကျေးဇူးတင်ရှိပါကြောင်း လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဥပဒေအမှတ်၊ ၅/၂၀၀၆ အဖြစ် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ သောက်သုံးမှု ထိန်းချုပ်ရေး ဥပဒေကို ၄-၅-၂၀၀၆ ရက်နေ့က ထုတ်ပြန်ခဲ့ပါတယ်။ ထုတ်ပြန်ခဲ့တဲ့ နေရာမှာ ဥပဒေရဲ့ အခန်း(၁)၊ ပုဒ်မ ၁(ခ)အရ ထုတ်ပြန်တဲ့ နေ့ကစပြီးတော့ တစ်နှစ်ပြည့်မြောက်တဲ့နေ့၊ တိတိကျကျ ပြောရရင် ၃-၅-၂၀၀၇ ရက်နေ့မှာ အာဏာတည်ခဲ့ပြီးတဲ့ ဥပဒေ ဖြစ်ပါတယ်။ ဒါကြောင့် ဒီနေ့ဆိုရင် ဥပဒေအာဏာတည်ခဲ့တာ (၆)နှစ်ကျော် သက်တမ်းထဲ ဝင်ခဲ့တဲ့အတွက်ကြောင့် တည်ဆဲဥပဒေ (Existing Law) တစ်ခုဖြစ်တယ်ဆိုတာတော့ အားလုံး သိရှိပြီး ဖြစ်ပါတယ်။ သက်ဝင်နေတဲ့အတွက်ကြောင့် လိုက်နာကျင့်သုံးရမယ့် ဥပဒေတစ်ရပ် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေမှာ အခန်းအားဖြင့် (၉)ခန်း၊ ပုဒ်မအားဖြင့် (၂၀) ပါရှိပါတယ်။ ပုဒ်မတွေ အားလုံးဟာ ပြည်သူတွေရဲ့ အနာရောဂါကင်းရှင်းပြီးတော့ သက်ရှည်ကျန်းမာနေထိုင်နိုင်ရန်အတွက် ရှေးရှုပြီးတော့ အလွန်ကောင်းမွန်တဲ့ ရည်ရွယ်ချက်များနဲ့ ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာသာမက နိုင်ငံတကာ စံနှုန်းများနဲ့အညီ လူ့အဖွဲ့အစည်းကောင်းကျိုး

အတွက် ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေတစ်ရပ်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အခန်း(၁)မှာ အမည်၊ အာဏာတည်ခြင်းနဲ့ အဓိပ္ပာယ်ဖော်ပြချက်ဆိုပြီးတော့ ပုဒ်မ(၂)ခု ရှိပါတယ်။ အခန်း(၂)ကတော့ ပုဒ်မ ၃ မှာ ဤဥပဒေရဲ့ ရည်ရွယ်ချက်(၅)ရပ်ဟာ ပြည်သူတွေရဲ့အကျိုးကို ဖော်ညွှန်းတဲ့ အချက် (၄)ချက်နဲ့ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းအရ ဖော်ညွှန်းတဲ့ အချက်တစ်ချက် ပါရှိတဲ့အတွက်ကြောင့် လူသားမျိုးနွယ်တစ်ရပ်လုံးအတွက် အပြည်ပြည်ဆိုင်ရာအဆင့်မှာ ကြိုးပမ်းနေတဲ့ လုပ်ငန်းတာဝန်တစ်ခုတွင် ကျွန်တော်တို့နိုင်ငံက ပါဝင်တာဝန်ကျေပွန်စွာ ထမ်းဆောင်နေတာကို ဖြစ်ကြောင်း ပေါ်လွင်ပါတယ်။ အခြားဥပဒေတွေလိုပဲ နိုင်ငံတွင်းမှာ လိုအပ်ချက်အရ တားမြစ်ကန့်သတ်ရန် ထုတ်တဲ့ ဥပဒေတစ်ရပ် မဟုတ်ကြောင်း တင်ပြလိုခြင်း ဖြစ်ပါတယ်။ ဒါကို လူ့အခွင့်အရေး ပိတ်ပင်တယ်လို့ ပြောရင်တော့လည်း ကိုယ်က ကမ္ဘာ့လူ့အသိုင်းအဝိုင်းနဲ့ ကင်းကွာသွားမယ်ဖြစ်ကြောင်း ကျွန်တော် တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခန်း(၃)မှာတော့ ဆေးလိပ်၊ ဆေးရွက်ကြီးသောက်သုံးမှု ထိန်းချုပ်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနကို Focal Point အဖြစ် အဓိကတာဝန် ပေးအပ်ထားတဲ့ ပုဒ်မ (၂)ခုနဲ့ ပုဒ်မခွဲပေါင်း(၁၂)ခုနှင့် ပြဋ္ဌာန်းထားပါတယ်။ အခန်း(၄)မှာ ဆေးလိပ်သောက်သုံးခွင့် မရှိတဲ့ နေရာများကို ပုဒ်မ(၂)ခု၊ ပုဒ်မခွဲ(၂၁)ခုနဲ့ တင်ပြထား၊ ပြဋ္ဌာန်းထားပါတယ်။ အခန်း(၅)မှာ ကျန်းမာရေးဝန်ကြီးဌာနရဲ့ လုပ်ငန်းတာဝန်များကို ပုဒ်မ(၁)ခု၊ ပုဒ်မခွဲ(၉)ခုနဲ့ တိတိကျကျ ပြဋ္ဌာန်းထားပါတယ်။ အလားတူ ကျန်းမာရေးဌာန တစ်ခုတည်းကို တာဝန်ပုံအပ်ထားခြင်း မဟုတ်ဘဲ ပါဝင်ပူးပေါင်းဆောင်ရွက်ရမယ့် Stakeholder များဖြစ်တဲ့ တာဝန်ခံပုဂ္ဂိုလ်များ၊ ၎င်းတို့ရဲ့ တာဝန်ဝတ္တရားများကိုလည်း အခန်း(၆)မှာ ပုဒ်မ(၁)ခု၊ ပုဒ်မခွဲ(၄)ခုဖြင့် ပြဋ္ဌာန်းထားပါတယ်။ တာဝန်ခံဆိုတာကတော့ သောက်သုံးခွင့် မရှိကြောင်း ပြဋ္ဌာန်းထားတဲ့ နေရာများနဲ့ ပတ်သက်လို့ ပိုင်ဆိုင်သူ၊ တာဝန်ရှိသူ သို့မဟုတ် တာဝန်ပေးခံရသူများကို ရည်ညွှန်းခြင်း ဖြစ်ပါတယ်။ ဖောက်ဖျက်မှုတွေနဲ့ ပတ်သက်၍ အခန်း(၇)မှာ စီမံခန့်ခွဲရေး နည်းလမ်းဖြင့် အရေးယူရမယ့် ပုဒ်မ(၁)ခု၊ ပုဒ်မခွဲ(၂)ခုဖြင့်လည်းကောင်း၊ အခန်း(၈)မှာ ပြစ်မှုနဲ့ပြစ်ဒဏ်များကို ပုဒ်မ(၇)ခု၊ ပုဒ်မခွဲပေါင်း(၂၄)ခုဖြင့်လည်းကောင်း တိကျစွာ ပြဋ္ဌာန်းထားပါတယ်။ အခန်း(၉) အထွေထွေမှာတော့ အခန်း(၈)ပါ ပြစ်မှု၊ ပြစ်ဒဏ်ဖြစ်မှုများဟာ ရဲ အရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများဖြစ်ကြောင်း ပုဒ်မ ၁၈၊ ပုဒ်မခွဲ(က)၊ (ခ)ဖြင့် လည်းကောင်း၊ ကျန်းမာရေးဌာနကို နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နဲ့ ညွှန်ကြားချက်များ ထုတ်ပြန်ပိုင်ခွင့်ကို ပုဒ်မ ၁၉(က)(ခ)ဖြင့် လည်းကောင်း ပြဋ္ဌာန်းထားပြီးတော့ ပုဒ်မ ၂၀ နဲ့ ယခင် ထုတ်ပြန်ထားခဲ့တဲ့ ပွဲကျင်းပရာ အဆောက်အအုံများအတွင်း ဆေးလိပ်သောက်သုံးခြင်းကို တားမြစ်တဲ့ဥပဒေ ၁၉၅၅ ကို ရုပ်သိမ်းကြောင်း ကြေညာခဲ့ပါတယ်။ ယခင် ဥပဒေသည် ပွဲကျင်းပရာ အဆောက်အအုံ ဖြစ်တဲ့ ရုပ်ရှင်ရုံတွေ၊ ကဇာတ်၊ ပြဇာတ်ခန်းမတွေသာ ကန့်သတ်ထားခြင်း ဖြစ်တဲ့အတွက်ကြောင့် ပိုပြီး ကျယ်ပြန့်စွာ ပြဋ္ဌာန်းလိုခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့်မို့လို့ ကျန်းမာရေးဝန်ကြီးဌာနဟာ Focal Point အဖြစ် Stakeholder များ ဖြစ်ကြတဲ့ ဌာန၊ အဖွဲ့အစည်း ပုဂ္ဂိုလ်များဟာ တာဝန်ခံများအဖြစ် အရေးယူတရားစွဲဆို တင်ပြရမယ့် Law Enforcement Body အဖြစ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို တိကျစွာ တာဝန် ပေးထားပြီးဖြစ်ကြောင်း ပေါ်လွင်ထင်ရှားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ နိုင်ငံပိုင် မီဒီယာတွေမှာ ကျန်းမာရေးဆိုင်ရာ ပညာပေးဆောင်းပါးများ၊ ဆောင်ပုဒ်များ၊ ကာတွန်းများ၊ ရုပ်ပြဇာတ်လမ်းများ၊ TV အစီအစဉ်များ၊ လက်ကမ်းစာစောင်များဖြင့် အစဉ်တစ်စိုက် ပညာပေးမှုများ ပြုလုပ်ပေးနေတာကို ဝမ်းသာစွာ တွေ့ရပါတယ်။ ပညာပေးတဲ့ နေရာမှာ ပညာရေးဌာနထက်တောင် ပိုပြီးတော့ ပျံ့နှံ့စွာ ပညာပေးနိုင်တာ တွေ့ရပါတယ်။ သို့ရာတွင် ဥပဒေအာဏာတည်ပြီး ကျွန်တော်တင်ပြခဲ့သလို (၆)နှစ်ကျော်အထိ ပညာပေးရုံနဲ့ လုံလောက်ပါသလား။ ပညာပေးနေရန်လည်း မလိုတော့ဘူးလို့ ကျွန်တော် ယုံကြည်ပါတယ်။ ပညာပေးကာလ ပြီးဖို့သင့်ပါပြီ၊ ဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့အညီ တာဝန်ရှိသည့် အတိုင်းအတာအရ အရေးယူမှု ပြုလုပ်မှုများ အားနည်းနေကြောင်း တွေ့ရပါတယ်လို့ တည့်တည့်ပဲ သုံးသပ်ရမှာ ဖြစ်ပါတယ်။ ထိန်းချုပ်ရေးဗဟိုအဖွဲ့ဆိုတာ ရှိပါတယ်။ လုပ်ငန်းတာဝန်များကို ပုဒ်မ ၅၊ ပုဒ်မခွဲ(ခ)၊(ဆ)၊(ဇ) အတိအကျ ပြဋ္ဌာန်းထားပါတယ်။ ဒါတွေကတော့ ဆေးလိပ်ငွေ့ ကင်းစင်ဇရိယာ သတ်မှတ်ပေးဖို့၊ ဒါတွေနဲ့ပတ်သက်လို့ ဌာနဆိုင်ရာတွေ၊ NGO တွေ၊ နိုင်ငံတကာတွေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ စသည်ဖြင့် ပြဋ္ဌာန်းထားချက်တွေဟာ အားဖြည့်လုပ်ဆောင်ရန် လိုနေပါတယ် ဆိုတာ အချက်တစ်ချက် တွေ့ပါတယ်။

နောက်တစ်ချက်ကတော့ ကျန်းမာရေးဝန်ကြီးဌာနဟာ အခန်း(၅)၊ ပုဒ်မ ၈(ခ)၊ အဲဒါကတော့ ဆေးလိပ်၊ ဆေးရွက်ကြီးထိန်းချုပ်ရေးနဲ့ ပတ်သက်လို့ တိကျစွာ ပြဋ္ဌာန်းထားတဲ့ အချက်ဖြစ်ပါတယ်။ အခန်း(၆)၊ ပုဒ်မ ၉(ဃ) တာဝန်ခံများရဲ့ စစ်ဆေးခံနိုင်ရန် ကိစ္စရှိပါတယ်။ စစ်ဆေးခံနိုင်ရန် ပြဋ္ဌာန်းရင် စစ်ဆေးရမယ့်အဖွဲ့က စစ်ဆေးဖို့ တာဝန်ရှိပါတယ်။ အဲဒါကြောင့် အဲဒါတွေနဲ့ ပတ်သက်တဲ့ ပြဋ္ဌာန်းချက်များကို ထိရောက်စွာ လိုက်နာဆောင်ရွက်မှသာ ပုဒ်မ ၉ ပါ တာဝန်ခံပုဂ္ဂိုလ်များက ၎င်းတို့ရဲ့ တာဝန်ကို တိတိကျကျ လိုက်နာဆောင်ရွက် အကောင်အထည်ဖော်နိုင်မှာ ဖြစ်ပါတယ်။ ပုဒ်မ ၈( င) ဒါကတော့ သတိပေးစာတန်းများ၊ ဆေးလိပ်ဘူးပေါ်မှာရေးဖို့နဲ့ ဆေးလိပ်ရောင်းရာဌာနတွေမှာ ရေးထားဖို့ဆိုတဲ့ အချက်ကိုတော့ ဆေးလိပ်ဘူးခွံတွေပေါ်မှာ ရေးထိုးထားကြောင်း ကျွန်တော်တွေ့ရှိပါတယ်။ ပြည်တွင်းထုတ်ဆေးလိပ်ဘူးခွံတွေပေါ်မှာ ဆေးလိပ်သည် ကျန်းမာရေးကို ဆိုးဝါးစွာထိခိုက်စေသည်ဆိုတဲ့ စာတန်းမျိုး၊ (၁၈)နှစ်အောက် မရောင်းရဆိုတာတွေကိုတော့ တွေ့ပါတယ်။ အလားတူ နိုင်ငံခြားက တင်သွင်းလာတဲ့ စီးကရက်တွေပေါ်မှာလည်းပဲ Smoking is hazardous to health, Smoking seriously harms you and others around you, Smoking cause lungs cancers သူ့ထက် တည့်တည့် Smoking kills စသည့်ဖြင့် အင်္ဂလိပ်ဘာသာ စာတန်းတွေပါ တွေ့ရ ပါတယ်။ အလားတူ ကျွန်တော် တစ်နေ့ကမှ မြင်ဖူးတာပါ။ ထိုင်းကတင်သွင်းတဲ့ Khrong Thip ဆိုတဲ့ ဆေးလိပ်ကျတော့ အကုန်လုံး ထိုင်းဘာသာ ရေးထားတော့ နားမလည်နိုင်ဘူး။ ဒါပေမဲ့ သူက ပိုထင်ရှားအောင် အဲဒါကတော့ ဆေးလိပ်သောက်သုံးလို့ ဖြစ်ပေါ်လာတဲ့ဝေဒနာပေါ့၊ လည်ချောင်းကင်ဆာ၊ ခံတွင်းကင်ဆာတွေ ကြောက်ရွံ့ဖွယ်ရာဖြစ်အောင် ပုံများကို အတိအကျ ရိုက်ပြီးတော့ ဗူးခွံပေါ်မှာ ကပ်ထားပေးတဲ့အတွက်ကြောင့် ဒါဟာလည်းပဲ ပညာပေးထားတယ် ဆိုတာတော့ ပေါ်လွင်ပါတယ်။ စီးကရက်ထုတ်လုပ်မှု အင်မတန်အားကောင်းတဲ့ နိုင်ငံကြီး တစ်နိုင်ငံ ရှိပါတယ်။ နိုင်ငံတော့ ကျွန်တော် နာမည် မဖော်ပြတော့ပါဘူး။ ဒီ နိုင်ငံက စီးကရက် ကလည်း တော်တော်လေး ရောင်းအားကောင်းပါတယ်။ အဲဒါကို သူ့နိုင်ငံက ဥပဒေအရထုတ်နေကြ စိတ်ဝင်စားဖွယ်ဖြစ်တဲ့ ရောင်စုံ Pattern တွေပါတဲ့ ဒီဇိုင်းကို ထုတ်ခွင့်

မပေးတော့ဘဲနဲ့ ပြောင်စက္ကူ Plain Paper ပေါ်မှာပဲ ကုမ္ပဏီနာမည် Logo ကို ရေးပြီးတော့ သတိပေးစာတန်းနဲ့ ဓာတ်ပုံတွေပဲ ကပ်ရတော့မယ်လို့ အမိန့်ထုတ်ဆင့်တဲ့အတွက်ကြောင့် ကုမ္ပဏီက သူ့ရဲ့ Image ကို ထိခိုက်ပါတယ် ဆိုပြီးတော့ ကန့်ကွက်တာလည်း ကျွန်တော်ကြားလိုက်ပါတယ်။ ဒါတွေ ကျွန်တော်တို့ နိုင်ငံက စဉ်းစားနိုင်ဖို့ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ မြန်မာနိုင်ငံတော်ဟာ ဒီ ဆေးလိပ်နဲ့ ဆေးရွက်ကြီးသောက်သုံးခြင်းကို ထိန်းချုပ်တဲ့ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း လက်မှတ်ရေးထိုးထားတဲ့ ကွန်ဗင်းရှင်းဝင်နိုင်ငံ ဖြစ်နေတဲ့အတွက်ကြောင့် လိုက်ပါ ဆောင်ရွက်ရမယ့် တာဝန်ရှိပါတယ်။ ဒီနေရာမှာ နိုင်ငံတော်လို့ ပြောတဲ့အတွက်ကြောင့် နိုင်ငံတော် ဘက်က ဆောင်ရွက်ချက်တွေ ရှိပါတယ်။

ကျွန်တော် ပြီးခဲ့တဲ့ ဆဋ္ဌမအကြိမ် လွှတ်တော်ကပဲ စီးပွား/ကူးသန်းဝန်ကြီးဆီကို ဥက္ကဋ္ဌကြီး မှတစ်ဆင့် ကျွန်တော် ကြယ်ပွင့်မပြ မေးခွန်းတစ်ခု မေးခဲ့ပါတယ်။ ဒါကတော့ စီးကရက်နဲ့ အရက် ထိန်းချုပ်ဖို့အတွက် အခွန်ကောက်ခံမှု ဘယ်လို ရှိပါသလဲလို့ မေးတဲ့အခါမှာ ဝန်ကြီးဆီက စာနဲ့ တိကျစွာ ဖြေထားပါတယ်။ မြန်မာနိုင်ငံအတွင်းမှာ ထုတ်လုပ်တင်သွင်းနေတဲ့ ကုန်စည်တွေနဲ့ ပတ်သက်လို့ ဘယ်ကုန်စည်မဆို ကုန်သွယ်လုပ်ငန်းခွန် (၅)ရာခိုင်နှုန်းပဲ ကောက်ပေမယ့် စီးကရက် ကိုတော့ တင်သွင်းသည်ဖြစ်စေ၊ ထုတ်လုပ်သည်ဖြစ်စေ၊ ဖြန့်ဖြူးသည်ဖြစ်စေ ကုန်သွယ်လုပ်ငန်းခွန်ကို (၁၀၀)ရာခိုင်နှုန်းအထိ ချပါကြောင်း။ အလားတူ ဆေးရွက်ကြီး ထုတ်ကုန်ဖြစ်တဲ့ ဆေးပေါ့လိပ်တို့၊ ဆေးပြင်းလိပ်တို့၊ ဆေးတံသောက် ဆေးတို့ စသည်ဖြင့် ဒါတွေကိုကျတော့ (၅၀)ရာခိုင်နှုန်းအထိ ချပြီးတော့ အထူးကုန်စည် အဖြစ်နဲ့ ကုန်သွယ်လုပ်ငန်းခွန် သတ်မှတ်ပြီး ပြဋ္ဌာန်းထားပါကြောင်းလို့ ပြန်ကြားပါတယ်။ အင်မတန်ကောင်းပါတယ်။ အခွန်များလာရင် ဆေးလိပ်တန်ဖိုးတက်လာတဲ့ အခါမှာ အလွယ်တကူ၊ လက်လှမ်းတမီ မသောက်သုံးအောင် ထိန်းချုပ်တဲ့ နည်းတစ်ခုလို့ ကျွန်တော် မြင်ပါတယ်။ ဆေးရွက်ကြီးကို ကွမ်းယာအပါအဝင် ပြုပြင်ပြီး စားသုံးတဲ့ဟာက သုံးစွဲသူတစ်ယောက် တည်းရဲ့ ကျန်းမာရေးကို ထိခိုက်ပါတယ်။

အလားတူ အရက်သောက်တာ၊ ကျန်းမာရေးနဲ့မညီတဲ့ အစားအစာတွေ စားသုံးတာဟာ လည်း သောက်သုံးတဲ့သူတစ်ယောက်ရဲ့ ကျန်းမာရေးကိုပဲ ထိခိုက်တဲ့အတွက်ကြောင့် သူ့ရဲ့ ရွေးချယ်မှု လို့ပဲ ကျွန်တော်တို့ ပြောရမှာ ဖြစ်ပါတယ်။ ရွေးချယ်မှုဆိုလို့ ကျွန်တော် ဟိုမှာ၊ ဂျပန်မှာနေတုန်းက ဂျပန်တွေဟာ ကျန်းမာရေး အလွန်လိုက်စားပါတယ်။ နှစ်ခု သူတို့ မရှောင်နိုင်ပါဘူး။ ဘီယာသောက် တာနဲ့ စီးကရက်သောက်တာ မရှောင် နိုင်ပါဘူး။ ခဏနားလို့ရှိရင် Smoking Area မှာ ကျွန်တော်နဲ့ အတူ စကားပြောရင်းနဲ့ May I smoke ဆိုပြီးတော့ သူတို့က ယဉ်ယဉ်ကျေးကျေးပဲ ခွင့်တောင်း ပါတယ်။ ကျွန်တော်ကလည်း ခင်လာတဲ့ အခါကျတော့ Your Choice, Your Lungs, Your health, Your life လို့ ပြောလိုက်တဲ့အခါမှာ ခင်ဗျားက သိပ်ရက်စက်တာပဲလို့ ပြောပါတယ်။ ဒါအမှန်အတိုင်း ပြောတာပါ။ ကိုယ်ရွေးချယ်တာပဲ၊ ကိုယ့်ဖာသာ ကိုယ်ခံရမှာပေါ့။ သို့သော် နောက်ပိုင်း ကျတော့ Concept က ပြောင်းသွားပါတယ်။ ဆေးလိပ်သောက်တဲ့ဟာက သောက်တဲ့သူ တစ်ယောက်တည်းရဲ့ ကျန်းမာရေးကို ထိခိုက်တာမဟုတ်ဘဲနဲ့ ပတ်ဝန်းကျင်မှာရှိတဲ့ မိသားစု အသိုင်းအဝိုင်းကိုပါ တစ်ဆင့်ခံ သောက်သုံးသူအဖြစ်နဲ့ ထိခိုက်တယ်ဆိုတာသွားတွေ့ရပါတယ်။ ကိန်းဂဏန်းနဲ့ တိတိကျကျ ပြောမယ်ဆိုရင်ဒါ ကျွန်တော်လည်း တော်တော်အံ့ဩပါတယ်။ ထင်တောင် မထင်ပါဘူး။ ဆေးလိပ်၊ ဆေးရွက်ကြီး ကြောင့်သေဆုံးတဲ့ဝေဒနာရှင် (၁၀၀)ရှိရင် (၁၉)ရာခိုင်နှုန်း

အကြမ်းဖျဉ်းပေါ့။ ကျား၊ မ (၁၉)ရာခိုင်နှုန်းခန့်ဟာ တစ်ဆင့်ခံ သောက်သုံးသူအနေနဲ့ ဆေးလိပ်ကို တစ်ကြိမ်တစ်ခါမှ မသောက်သုံးဖူးဘဲနဲ့ သေရတာဖြစ်ကြောင်း၊ အဲဒီ(၁၉)ရာခိုင်နှုန်းမှာပါတဲ့ အရေအတွက်ရဲ့ (၇၅)ရာခိုင်နှုန်း၊ (၄)ပုံ ပုံ (၃)ပုံဟာ အသက်မပြည့်သေးတဲ့ ကလေးသူငယ်တွေ ဖြစ်ကြောင်း သွားတွေ့ရမှာ ဖြစ်ပါတယ်။ ဝမ်းနည်းစရာ ကောင်းပါတယ်။ ဒါဟာ ဒါကြောင့်မို့လို့ WHO ကလည်း အများသူငါနဲ့ ပတ်သက်တဲ့ Public Places တွေမှာ ဆေးလိပ်မသောက်ရတဲ့ နေရာများ သတ်မှတ်ပေးဖို့ တိုက်တွန်းထားခြင်းဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတကာလေကြောင်း လိုင်းတွေ၊ လေယာဉ်ပျံ တွေမှာတော့ ဒါရှင်းပါတယ်။ Non-Smoking Flight ဆိုပြီးတော့ လေယာဉ် ပေါ်မှာ ဆေးလိပ်သောက်ခွင့် မရှိပါဘူး။ တိုးတက်လာတဲ့ နိုင်ငံကြီးတွေမှာဆိုရင် အများသူငါသုံးတဲ့ ဘတ်စ်ကားပေါ်မှာဆိုရင် Commuter Buses တွေပေါ်မှာ Double decker နှစ်ထပ်ထားပြီး အပေါ်ထပ်မှာပဲ ဆေးလိပ်သောက်ဖို့ သတ်မှတ်ထားတာတွေ သွားတွေ့ပါတယ်။ လေယာဉ်ကွင်းကြီး တွေ၊ ရုံးကြီးတွေ၊ ခန်းမကြီးတွေမှာတော့ Smoking Area သတ်မှတ်ပြီးတော့ ဒါတွေကို အငွေ့ ပြန်စုပ်မယ့် အငွေ့စုပ် ပန်ကာနဲ့ ဘာနဲ့ သတ်မှတ်ထားတာတွေ ကျွန်တော်တို့ မြင်ဖူးပါတယ်။ ကျွန်တော်တို့ရဲ့ လွှတ်တော်ကြီးမှာလည်း ဒါတွေ စီစဉ်ထားကြောင်း တွေ့ရှိရပါတယ်။ သေဆုံးမှု နှုန်းကို ပြန်ကြည့်တော့ Motility Rate ဟာ ဆေးလိပ်ဆေးရွက်ကြီး သောက်သုံးမှုကြောင့် သေတဲ့နှုန်း ဟာ HIV ကြောင့် သေတဲ့နှုန်းရဲ့ (၃)ဆရှိတယ်ဆိုတော့ တော်တော်လေး ကျွန်တော်တို့ အံ့သြပါတယ်။ ဒါကြောင့် ကျွန်တော် တင်ပြခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခန်း(၄)၊ ပုဒ်မ ၆ နဲ့ ၇ မှာပါတဲ့ ပုဒ်မခွဲတွေမှာ ဆေးလိပ် မသောက် ရနေရာတွေ ပြဋ္ဌာန်းထားပါတယ်။ ဒီနေရာမှာ ကျွန်တော်မေးလိုတာက ယနေ့တကယ် လိုက်နာမှု ရှိပါသလား။ အဲဒီနေရာတွေမှာ တကယ်မသောက်ဘူးလား။ ဒါဖြင့်သောက်နေတာကို တာဝန်ခံများက ကြပ်မတ်ပါသလား။ ကြီးကြပ်ရေးအဖွဲ့များကရော စစ်ဆေးပါသလား။ ရန်ကုန်မှာ ခရီးသည်တင် ဘတ်စ်ကားပေါ်မှာ ယာဉ်မောင်းသူတစ်ယောက်ထဲက သောက်နေပါတယ်ဆိုပြီး ဂျာနယ်တွေမှာ၊ ကာတွန်းတွေမှာ အော်တာတော့တွေ့ပါတယ်။ အဲဒါကိုရော အရေးယူပိုင်ခွင့်ရှိတဲ့ ပုဂ္ဂိုလ်က Follow up လုပ်ပါသလား။ ပြစ်မှုနဲ့ ပြစ်ဒဏ်များပါအခန်းမှာရှိပါတယ်။ ပုဒ်မ ၁၄၊ ပုဒ်မခွဲ(က) ကနေ (ဆ)အထိ အဓိကအချက်ကတော့ ကျောင်းပတ်ဝန်းကျင်၊ ကျောင်းပရဝုဏ်နဲ့ ပေ(၁၀၀) အတွင်းမှာ ဆေးလိပ်ဆိုင်ဆိုတာ မရှိရဘူး။ (၁၈)နှစ်အောက် ကလေးကို မရောင်းရဘူး။ မပေးရဘူး။ မရောင်းစေရဘူးဆိုတဲ့ ပုဒ်မခွဲတွေ၊ ပုဒ်မ ၁၅(က)ကနေ (ဂ)အထိ အဲဒါကတော့ အလိပ်(၂၀)ထက်နည်းတဲ့ ဘူးမျိုး မရောင်းရဘူး။ အလိပ်အပြေ မရောင်းရဘူးဆိုတာတွေ (၁၈)နှစ် အောက်ကလေးကို မရောင်းရဘူး ဆိုတာတွေ၊ ရောင်းတဲ့နေရာတွေမှာလည်း ကျန်းမာရေးနဲ့ ပတ်သက်တဲ့ စာတန်းတွေရှိရမယ် ဆိုတဲ့ဟာတွေ၊ အချက်တွေကိုတော့ အဲဒီလူတွေက လိုက်နာကြ ပါသလား။ ကြီးကြပ်စစ်ဆေး အရေးယူမှု ရှိပါသလား။ ဥပဒေကြောင်းအရ အရေးယူမှု တစ်စုံတစ်ရာ ရှိခဲ့ပါသလား ဆိုတဲ့မေးခွန်းကို မေးရန်ရှိပါတယ်။ လက်တွေ့မှာတော့ နေ့စဉ်လူတွေ နေထိုင်မှု ဘဝမှာ ဒါတွေကို တိတိလင်းလင်း၊ ထင်ထင်လင်းလင်း လုပ်နေတယ်ဆိုတာတော့ ကျွန်တော်တို့ အားလုံး ကြားသိပါတယ်။ ကျွန်တော်ကတော့ ကိုယ်ချင်းမစာလို့၊ မသောက်တတ်လို့ ပြောတာ မဟုတ်ပါဘူး။ လက်ဖက်ရည်ဆိုင်ထိုင်ရင် ဆေးလိပ်တစ်လိပ်လို့ မမှာပါဘူး။ ဆေးလိပ်တစ်ဘူးလို့ မမှာပါဘူး။ ဆေးလိပ်တစ်ပွဲလို့ မှာပါတယ်။ တစ်ပွဲလို့ မှာရင် (၃)လိပ်လို့ ထင်ပါတယ်။ အဲဒီ

ဗူးလေးကို ဆေးလိပ်လေး လာချပါတယ်။ အဲဒီ(၃)လိပ် လာချတဲ့ခွက်ကလေးကို ကြည့်တဲ့အခါကျတော့ ဆေးလိပ်ထုတ်တဲ့ ကုမ္ပဏီတံဆိပ်နဲ့ Logo နဲ့ ကို သူက သတ်သတ်လုပ်ထားတာချည်းအတွက် ဆေးလိပ်(၃)လိပ် စိုက်ဖို့ အဲဒါလေးနဲ့ လာချတယ်။ ဒါဖြင့်ရင် ဆေးလိပ်ထုတ်တဲ့ ကုမ္ပဏီကပင်လျှင် သူ့ဆေးလိပ်ကို အလိပ်ပြေရောင်းနိုင်ဖို့၊ တစ်နည်းအားဖြင့် ပုဒ်မ ၁၅ (က) ကိုဖောက်ဖျက်နိုင်အောင် သူက အားပေးကူညီလျက်ရှိနေတယ်လို့ ကျွန်တော်ကခံစားမိပါတယ်။ ဒါဖြင့်ရင် ဒါတွေနဲ့ ပတ်သက်လို့ ဒီလိုပဲ ကြည့်နေတော့မှာလား။ ဒီပုဒ်မ အထက်ကျွန်တော် ပြောခဲ့တဲ့ ၁၄၊ ကျောင်း ပတ်ဝန်းကျင်ပေ(၁၀၀)တို့၊ (၁၈)နှစ်အောက်တို့၊ ၁၅၊ အလိပ်ပြေ မရောင်းရတို့ဆိုတဲ့ ပုဒ်မ(၂)ခု ထဲကို မလိုက်နာတဲ့အတွက်ကြောင့် ဝမ်းနည်းဖို့ ကောင်းတာကတော့ ကျောင်းသားများ ဆေးလိပ် သောက်သုံးမှုဟာ၊ စီးကရက်သောက်သုံးမှုဟာ အလွန်များတယ်ဆိုတာ သွားတွေ့ရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံကတော့ ကိန်းဂဏန်း မရှိပေမယ့် Global Youth Tobacco Watch ဆိုတဲ့ အဖွဲ့အစည်းကတော့ သုံးသပ်ထားတာက မြန်မာနိုင်ငံဟာ သက်ငယ် ဆေးလိပ်သောက်သုံးသူတွေ ထဲမှာ အမြင့်ဆုံးနိုင်ငံတွေမှာ စာရင်းဝင်နေတယ်ဆိုတဲ့ အတွက်ကြောင့် ဂုဏ်ယူစရာတော့ သိပ်မရှိ ပါဘူး။ ကျွန်တော်တို့ ဒါဖြင့်ရင် စဥ်းစားရပါတော့မယ်။ ဒီဥပဒေကိုပဲ အသက်ဝင်အောင် Inforcement လုပ်မလား။ ဥပဒေကိုပဲ ဖြေလျှော့ရုပ်သိမ်းမလား ဆိုတဲ့ မေးခွန်းနှစ်ခု ရှိပါတယ်။ မြန်မာနိုင်ငံဟာ ကျွန်တော်ပြောခဲ့တဲ့ International Convention ဝင်နိုင်ငံဖြစ်တဲ့ အတွက်ကြောင့် နောက်ဆုတ် လို့တော့ မရပါဘူး။ ဒါကို ထိန်းချုပ်ပါ့မယ်ဆိုတဲ့ Commitment ရော၊ Obligation ရော ရှိနေတဲ့ အတွက်ကြောင့် ရအောင်ပဲ ထိန်းချုပ်ရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အများပြည်သူရဲ့ ကျန်းမာရေးနဲ့ ဆေးလိပ် ကြိုက်တဲ့သူအချို့ရဲ့ ကျန်းမာရေးကိုတော့ ချင့်ချိန်နှိုင်းယှဥ်ပြီးတော့ ချိန်ထိုးလုပ်ဆောင် ရမှာ ဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့ ရိုးသားစွာမြင်ပါတယ်။ သို့ဖြစ်ပါ၍ ထုတ်ပြန်ပြီးဖြစ်နေတဲ့၊ အာဏာတည်ဆဲဖြစ်နေတဲ့ ဆေးလိပ်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေကို ထိရောက်စွာလိုက်နာ ကျင့်သုံးရေးကို တာဝန်ရှိ အဖွဲ့အစည်းအဆင့်ဆင့်မှ ကြပ်မတ်ဆောင်ရွက် သွားရေးအတွက် လိုအပ်သောအစီအမံများဖြင့် ကြီးကြပ်ဆောင်ရွက်မှု ပြုနိုင်ပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းပါကြောင်းအဆိုကို အများပြည်သူ၏ ကျန်းမာအသက်ရှည်ရေးအတွက် ရှေးရှု၍ လေးနက်စွာတင်သွင်းအပ်ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၈။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့်သူ ရှိပါက ဖိတ်ခေါ်ပါတယ်။ ထောက်ခံမယ့်သူ မရှိဘူးထင်တယ်။ သိပ်မကြိုက်ကြဘူး။

**အချိန်၊ ၁၁း၀၈။**

**ဒေါက်တာစိုင်းဆိုင်ကျော်ဆမ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ ဦးခင်မောင်ရီ တင်သွင်းသွားတဲ့ ဆေးလိပ်နဲ့ ဆေးရွက်ကြီးထွက် ပစ္စည်းသောက်သုံးခြင်းဥပဒေကို လိုက်နာကျင့်သုံး ရန်အတွက် ထောက်ခံအပ်ပါတယ်။

**အချိန်၊ ၁၁း၀၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဦးခင်မောင်ရီ တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ ထုတ်ပြန် ပြဋ္ဌာန်းပြီး၊ အာဏာတည်ပြီးဖြစ်သော ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေး ဥပဒေကို တိကျစွာလိုက်နာ ကျင့်သုံးရေးအတွက် လိုအပ်သော အစီအမံများနှင့် အရေးယူ ဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း ဖြစ်ပါတယ်။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်ရဲ့ဆန္ဒ ရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလား ခင်ဗျား။

**အချိန်၊ ၁၁း၀၉။**

**ဦးရဲမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ ကျွန်တော့်အနေနဲ့တော့ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးဥပဒေကို တိကျစွာလိုက်နာ ကျင့်သုံးရေးအတွက် လိုအပ်သော အစီအမံများနှင့် အရေးယူ ဆောင်ရွက်သွားရန် ဆိုတဲ့ဟာကို လုံး၀ဆန့်ကျင်မှု မရှိသော်လည်းပဲ အချိန်ကာလတစ်ခု ထပ်မံပေးရဦးမယ် ဆိုတာကို တင်ပြလို ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အချို့သော ဥပဒေရေးရာကိစ္စ၊ စည်းကမ်းလိုက်နာရန်ကိစ္စ တွေဟာ အလွယ်တကူ လိုက်နာဖို့ ဖြစ်နိုင်ပေမယ့် ရိုးရာယဉ်ကျေးမှုသဖွယ် စွဲမြဲနေတဲ့အရာတွေကိုတော့ ကျွန်တော်တို့ ဥပဒေနဲ့ ထိန်းချုပ်နိုင်ခြင်း မရှိသေးတာကိုတွေ့ရပါတယ်။ အဲဒီလို အတင်းအကြပ် ထိန်းချုပ်မယ်ဆိုရင် ကျွန်တော်တို့ဟာ ဥပဒေအပေါ်မှာရော၊ နိုင်ငံရေးအပေါ်မှာရော လွှမ်းမိုးနေတဲ့ ယဉ်ကျေးမှုကိစ္စရပ်တွေ အများကြီးရှိနေတယ်ဆိုတာကို ထည့်တွက်ဖို့ လိုပါမယ်လို့ ဥက္ကဋ္ဌကြီး ကတစ်ဆင့် တင်ပြလိုပါတယ်ခင်ဗျာ။ ဥပမာအားဖြင့် ကျွန်တော်တို့ လူသား ပေါ်ကတည်းက ပထမဆုံး စတင်ပေါ်ပေါက်လာတဲ့ First Professional လို့ခေါ်တဲ့ ပြည့်တန်ဆာကိစ္စကို ဒီကနေ့အထိ အလွန်ရှုံ့မုန်းဖွယ်ရာကိစ္စအဖြစ် ဥပဒေတွေပြဋ္ဌာန်းခဲ့တာ နှစ်ပေါင်းထောင်နဲ့ ချီနေပါပြီခင်ဗျာ။ အလားတူပဲ Second Professional လို့ခေါ်တဲ့ ကျွန်တော်တို့ သူလျှိုလုပ်မှုကိစ္စကို အကြီးအကျယ် ဟန့်တားခဲ့တာဟာလည်း ကျွန်တော်တို့ နှစ်ပေါင်းထောင်နဲ့ ချီနေပါပြီ။ ဒါပေမဲ့ ဒါတွေဟာ လူ့သဘာ၀နဲ့ အချို့ကိစ္စတွေမှာ ယဉ်ကျေးမှုသဖွယ် စွဲလမ်းနေတဲ့ အခြေအနေတွေမှာ ဒါတွေကို ရုတ်တရက်ပစ်ပယ်လို့ မလွယ်သေးတဲ့အတွက် ရေရှည်ထိန်းချုပ်ပေးဖို့ ဆိုတာကို ကျွန်တော် တင်ပြ လိုပါတယ်။

နောက်တစ်ခုက အခြားနိုင်ငံတွေနဲ့မတူတာက ဆေးလိပ်နဲ့ ဆေးရွက်ကြီး သုံးစွဲခြင်းမှာ ကျွန်တော်တို့နိုင်ငံမှာ လတ်တလောနှစ်တွေမှာ ပြန်ကြည့်ရင် ထိန်းချုပ်နေတဲ့ကြားထဲက ယဉ်ကျေးမှု သဖွယ် စွဲလန်းပြီးတော့ ရေရှည်တိုးတက်မှုနှုန်း ကြီးမားစွာနဲ့ ပေါ်ပေါက်နေတာကို ကျွန်တော်တို့ တွေ့ရတဲ့အတွက် ရေရှည် ကျွန်တော်တို့ အချိန်ပေးပြီး ထိန်းချုပ်ဖို့လိုပါတယ်လို့ တင်ပြရင်းနဲ့ ယခု

တိကျစွာလိုက်နာရေးနဲ့ လိုအပ်သောအစီအမံများဖြင့် အရေးယူရန်ဆိုတဲ့ အဆိုပြုချက်ကို ပြန်လည် စဉ်းစားသင့်ပါကြောင်း တင်ပြလိုပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၁၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဦးခင်မောင်ရီ တင်သွင်းတဲ့ အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် သဘောမတူတဲ့ လွှတ်တော် ကိုယ်စားလှယ်ရှိတဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၃)အရ မတ်တတ်ရပ်၍ ဆန္ဒပြုတဲ့ နည်းလမ်းဖြင့် လွှတ်တော်ရဲ့ဆန္ဒကို ရယူ ပါမယ်။ ဒီလို ဆန္ဒရယူရာမှာ အဆိုကို လက်ခံဆွေးနွေးဖို့ သဘောတူတဲ့ လွှတ်တော်ကိုယ်စားလှယ် များဟာ မိမိတို့နေရာများမှာ မတ်တတ်ရပ်ပြရမှာ ဖြစ်ပါတယ်။

အကယ်၍ မတ်တတ်ရပ်ပြတဲ့ လွှတ်တော်ကိုယ်စားလှယ်သည် ၄၀ ဦးနှင့်အထက်ဖြစ်လျှင် လက်ခံဆွေးနွေးရန် သဘောတူသည်ဟု လည်းကောင်း၊ ၄၀ ဦး မပြည့်လျှင် လက်ခံဆွေးနွေးရန် သဘောမတူဟု လည်းကောင်း လွှတ်တော်သို့ ကြေညာမှာ ဖြစ်ပါတယ်။

ဒါကြောင့် သဘောတူသော ကိုယ်စားလှယ်များ မတ်တတ်ရပ်ပါ။

ဦးနေဝင်းထွန်း က သဘောတူတာလား၊ မတူတာလား။ အခုမှ အပြင်က ဝင်လာပြီးတော့။ (၁၀၆)၊ အားလုံးထိုင်နိုင်ပါပြီ။

မတ်တတ်ရပ်ပြတဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ ၄၀ ဦး နှင့်အထက် ရှိတဲ့အတွက် ဦးခင်မောင်ရီ ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် သဘောတူကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၏ တစ်ခုတည်းသော အမျိုးသား စီးပွားရေးဝင်ပေါက် (National Single Window)(NSW) တည်ထောင်ထားရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်၊ မသင့် အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၁း၁၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၂၂)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် က တစ်ခုတည်းသော အမျိုးသားစီးပွားရေးဝင်ပေါက် (National Single Window)(NSW) တည်ထောင်ထားရန်နှင့် စပ်လျဉ်းတဲ့ အဆိုတစ်ရပ် တင်သွင်းလိုကြောင်း လွှတ်တော်သို့ ပေးပို့ထားပါတယ်။

ဒေါက်တာမြင့်ကြည် အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၄။**

**ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီးမှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဖြစ်ပါတယ်။ အခု ကျွန်တော် တစ်ခုတည်းသော အမျိုးသားစီးပွားရေး

ဝင်ပေါက် (National Single Window)(NSW) တည်ထောင်ထားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အချို့ အင်္ဂလိပ်စာ အသုံးအနှုန်းများ ခွင့်ပြုပေးပါရန် ကြိုတင်မေတ္တာ ရပ်ခံအပ်ပါတယ်။ ကျွန်တော် ဒီအဆိုကို တင်သွင်းရတဲ့ အကြောင်းအရင်းက ကျွန်တော်တို့ မြန်မာ နိုင်ငံဟာ အာဆီယံအဖွဲ့ဝင်လည်းဖြစ်ပါတယ်။ ကျွန်တော်တို့ အာဆီယံရဲ့ စီးပွားရေးအသိုက်အဝန်း A.E.C အဲဒီမှာလည်းပဲ ကျွန်တော်တို့ ပါဝင်ဆောင်ရွက်ဖို့ ကိစ္စရပ်တွေ သဘောတူ လက်မှတ်ထိုးပြီး သားတွေလည်း အများကြီး ရှိပါတယ်။ နောက် ကျွန်တော်တို့ မြန်မာနိုင်ငံက မကြာခင်မှာလည်းပဲ အာဆီယံရဲ့ ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်တော့မှာလည်းပဲ ဖြစ်ပါ တယ်။

အဲဒီတော့ ဒီ A.E.C ရဲ့ Blueprint အဲဒီပုံစံမှာ ကျွန်တော်တို့ အာဆီယံရဲ့ Single Window နောက် ကျွန်တော်တို့ အမျိုးသား National Single Window ဒီဟာတွေကို ထူထောင်ဖို့ ဆိုပြီးတော့ ကတိကဝတ်တွေလည်းပဲ ပြုထားပါတယ်။ ကျွန်တော်တို့ N.S.W ကို ထူထောင်ပြီးမှ သာလျှင် A.S.W Asia ကျွန်တော်တို့ ဒီ Single Window ကို ထူထောင်ရမှာ ဖြစ်ပါတယ်။ အားလုံး သဘောတူထားတာကတော့ ၂၀၁၂ ခုနှစ်မှာ ထူထောင်ဖို့ ဒီဟာကို သဘောတူထားပါတယ်။ သို့သော်လည်း အခြေအနေအရပ်ရပ်ကြောင့် ယခုအခါမှာ ၂၀၁၅ ခုနှစ်အထိ (၃)နှစ် ဆက်ပြီးတော့ သူတို့ ဒါ ခွင့်ပြုထားပါတယ်။

ကျွန်တော့်အနေနဲ့ ဒီလေ့လာလိုက်တဲ့အခါမှာ အာဆီယံနိုင်ငံတွေအားလုံးမှာ N.S.W ကို စတင်ပြီးတော့ ပီပီပြင်ပြင်နဲ့ တည်ထောင်နေတယ်ဆိုတာကို တွေ့ရှိရပါတယ်။ နောက်ဆုံးအနေနဲ့ တည်ထောင်နေတာ လာအိုနိုင်ငံအထိ ကျွန်တော်တို့က တွေ့ရှိရပါတယ်။ ကမ္ဘောဒီးယား၊ လာအို၊ ရှေ့ပိုင်းကနိုင်ငံတွေကတော့ စင်ကာပူတို့၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ ဘရူနိုင်း စသည်အားဖြင့် ဒီနိုင်ငံတွေကတော့ တစ်ဦးနဲ့တစ်ဦး ချိတ်ဆက်ပြီးတော့တောင်မှ ဒီကုန်သွယ်ရေး ကိစ္စရပ်တွေကို National Single Window နဲ့ချိတ်ပြီး တွဲပြီးတော့ ဆောင်ရွက်လျက်ရှိတယ်ဆိုတာကို လေ့လာတွေ့ရှိရပါတယ်။

အဲဒီတော့ ဒီ National Single Window ကိုလုပ်တာနဲ့ ကျွန်တော်တို့ After Area ထဲ ကိုလည်း ကျွန်တော်တို့ ဝင်လာရမယ်။ ဒီအခါမှာ လိုအပ်တဲ့ ဥပဒေတွေ၊ ပြင်ဆင်ချက်တွေကိုလည်းပဲ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ မိမိတစ်ဦးတစ်ယောက်တည်း ဆောင်ရွက်လို့ မရပါဘူး။ ဒီအာဆီယံ ထဲမှာ ရှိနေတဲ့နိုင်ငံ(၁၀)နိုင်ငံအကုန်လုံး ညှိနှိုင်းပြီးတော့ ဆောင်ရွက်ရတာတွေ ရှိပါတယ်။ အဲဒီတော့ ဒီကုန်သွယ်မှုကိစ္စရပ်တွေကို ဖြေရှင်းတဲ့အခါမှာ၊ ပုံစံတွေလုပ်တဲ့အခါမှာလည်းပဲ သူတို့ရဲ့ သက်ဆိုင်ရာ ဥပဒေတွေရှိပါတယ်။ ဒီဥပဒေတွေနဲ့အညီ ဆောင်ရွက်ရပါတယ်။ နောက် W.C.O ခေါ်တဲ့ ကမ္ဘာ့ World Custom Organization ကမ္ဘာ့ကုန်သွယ်မှုအဖွဲ့အစည်း ကနေပြီးတော့ ညွှန်ပြထားတဲ့၊ ဖော်ပြထားတဲ့ အဲဒီဥပဒေတွေနဲ့လည်းပဲ လိုက်နာပြီးတော့ ဒီ Custom ကိစ္စရပ်တွေကိုလည်းပဲ ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

နောက် အာဆီယံထဲမှာလည်း ကျွန်တော်တို့ ATIGA ဆိုတဲ့ ASEAN Trade in Goods Agreement ဆိုတာ ရှိပါတယ်။ အဲဒီ Agreement ပုံစံပေါ့။ အဲဒီပုံစံအတိုင်းလည်းပဲ ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒါဟာ ကျွန်တော်တို့ အခုကတည်းက ကျွန်တော်တို့နိုင်ငံမှာ ဆောင်ရွက်ထားသင့်တယ်လို့ ကျွန်တော့်အနေနဲ့ တင်ပြဆွေးနွေးရခြင်း ဖြစ်ပါတယ်။ အခု ကျွန်တော်တို့ဆီမှာ Permit တွေ လုပ်မယ်။ တချို့ Clearance တွေလုပ်မယ်ဆိုရင်တော့ Computer နဲ့၊ Online နဲ့ လုပ်တယ်ဆိုတဲ့ သဘောမျိုးလေးတွေတော့ ရှိနေပါတယ်။ သို့သော် ကျွန်တော် အဲဒီဘက်မှာ ဆင်းပြီးတော့၊ လေ့လာကြည့်တဲ့အခါကျတော့ နောက် သူတို့တွေကလည်းပဲ ဒါ၊ ကျွန်တော် မေးကြည့်တဲ့အခါ သူတို့လည်း ပြောပါတယ်။ ပီပီပြင်ပြင် သိပ်ပြီးတော့ မရှိသေးပါဘူး။ နှောင့်နှေးမှုတွေ၊ ကြန့်ကြာမှုတွေ၊ ဒီရှုပ်ထွေးခက်ခဲမှုတွေ၊ ဒီ Clearance တွေမှာ အများကြီး ရှိနေပါသေးတယ်။

အဲဒီတော့ ကျွန်တော်တို့အနေနဲ့ကတော့၊ ကျွန်တော်တို့နိုင်ငံအနေနဲ့က အာဆီယံနိုင်ငံ (၁၀)နိုင်ငံနဲ့ ချိတ်ဆက်ပြီးတော့ ဆောင်ရွက်ရမှာ ဖြစ်တဲ့အတွက်ကြောင့် အဲဒီအစည်းအဝေးတွေလည်းပဲ တက်ခဲ့ကြတယ်ဆိုတာ ကျွန်တော်လေ့လာတွေ့ရှိရပါတယ်။ ခုနတုန်းက W.C.O ဆိုတဲ့ အစည်းအဝေးတွေလည်းပဲ တက်ခဲ့တယ်ဆိုတာ ကျွန်တော် လေ့လာတွေ့ရှိရပါတယ်။ သို့သော် ပြန်ပြီး Implementation နဲ့ ပြန်ပြီးတော့ အကောင်အထည်ဖော်တဲ့အခါမှာ ကျွန်တော့်အနေနဲ့ကတော့ တော်တော်လေး လိုအပ်နေတယ်လို့ ဒါသိမြင်ရတဲ့အတွက်ကြောင့် ဒီအဆိုကို ဒါကျွန်တော့်အနေနဲ့ တင်ရခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီ N.S.W ကို ဆောင်ရွက်ခြင်းအားဖြင့် Benefits ဒီအကျိုးအမြတ်တွေ အများကြီး ကုန်သွယ်ရေးဘက်မှာ ရလာမှာဖြစ်ပါတယ်။ ဘာလို့လဲ ဆိုတော့ ဒီကုန်သွယ်ရေးရဲ့ Clearance လုပ်တဲ့ကိစ္စတွေ၊ ခုနကတုန်းက Documents တွေကို၊ စာရွက်စာတမ်းတွေကို ရှင်းတဲ့ကိစ္စတွေဟာ များစွာလျင်မြန်လာပြီးတော့ ဒီကုန်ကျစရိတ်တွေ သက်သာမယ်။ ကျွန်တော်တို့ ကုန်သွယ်ရေး Trade နဲ့ ပတ်သက်တဲ့ ကုမ္ပဏီတွေ၊ နိုင်ငံတွေကလည်းပဲ ဒီဟာကို ကျွန်တော်တို့ တလေးတစားနဲ့ ရှိလာမယ်ဆိုတာ လေ့လာတွေ့ရှိရပါတယ်။

ဒါကျွန်တော့်အနေနဲ့ကတော့ ဒါအတိုချုပ်တင်ပြခြင်း ဖြစ်ပါတယ်။ စာရွက်စာတမ်း သူတို့ ဒီဟာကို N.S.W ကို လုပ်တဲ့အခါမှာ တိတိကျကျ ကော်မတီတွေဖွဲ့တယ်။ ဘယ်လိုပုံသဏ္ဌာန်တွေနဲ့ လုပ်မယ်။ ကျွန်တော်တို့ စင်ကာပူမှာဆိုရင်တော့ Trade Net နှင့် မလေးရှားမှာဆိုလို့ရှိရင်တော့ သူ့ဟာသူ နာမည်ပေးထားပါတယ်။ သူတို့နာမည်နဲ့ သူတို့ လုပ်ထားပါတယ်။ Gagang ဆိုတာ အဲဒီလို နာမည်တွေနဲ့ ဆောင်ရွက်ထားတာတွေလည်းပဲ ရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ကတော့ အခု သတ္တမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးသို့ ကျွန်တော်တို့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တစ်ခုတည်းသော အမျိုးသားစီးပွားရေး ဝင်ပေါက် National Single Window ကို တည်ထောင်ထားရန်အဆိုကို ကျွန်တော့်အနေနဲ့ လေးလေးနက်နက် တင်သွင်းအပ်ပါတယ်။ ကျွန်တော်တို့ ဖြေကြားရမယ်ဆိုရင်တော့ ကျွန်တော့်အနေနဲ့ ဒါဆောင်ရွက်နေတယ်လို့ပဲ ဆိုမှာပါ။ ကျွန်တော့်အနေနဲ့ကတော့ ခုနက ပီပီပြင်ပြင် အဖွဲ့တွေဖွဲ့တယ်။ ဒီ Network ကို ဘယ်လိုလုပ်နေတယ်။ ဒီဟာတွေကို ကျွန်တော့်အနေနဲ့ ပီပီပြင်ပြင် ဖြစ်စေလိုတဲ့ဆန္ဒနဲ့ တင်သွင်းခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၁း၂၀။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့်ပုဂ္ဂိုလ် ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၂၀။**

**ဦးဆွေအောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် တင်သွင်းသွားသော တစ်ခုတည်းသော စီးပွားရေးဝင်ပေါက် (National Single Window)(NSW) တည်ထောင်ထားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ကျွန်တော် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆွေအောင် က ထောက်ခံပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၂၁။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒေါက်တာမြင့်ကြည် တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ တစ်ခုတည်းသော အမျိုးသားစီးပွားရေးဝင်ပေါက် (National Single Window)(NSW) တည်ထောင်ထားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း ဖြစ်ပါတယ်။

ဒါကြောင့် ဒီအဆိုကို လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်ရဲ့ဆန္ဒ ရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော် ကိုယ်စားလှယ် မရှိတဲ့အတွက် ဒေါက်တာမြင့်ကြည် ရဲ့ အဆိုကို လက်ခံ ဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၂၂။**

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာမြင့်ကြည် တင်သွင်းတဲ့အဆိုကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းကြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၂။**

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အချိန်၊ ၁၁း၂၃။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ပါပြီ။

[အစည်းအဝေးကို (၁၁း၂၃) နာရီအချိန်တွင် ခေတ္တရပ်နားပြီး (၁၁း၄၀) နာရီ အချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၄၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ ဆည်ရေ ပေးဝေနိုင်သည့် မြေဧရိယာများ (Irrigable Land Areas) လျော့နည်းသတ်မှတ် ဖော်ပြချက်များအပေါ် လယ်ယာကိန်းဂဏန်းများ မှန်ကန်စေရေး ပြန်လည်စိစစ်ရန်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုသဘောတူညီချက် ရယူထုတ်ပြန်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်၊ မသင့် အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၄၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၂၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့် က ဆည်ရေပေးဝေနိုင်သည့် မြေဧရိယာများ (Irrigable Land Areas) လျော့နည်းသတ်မှတ် ဖော်ပြချက်များအပေါ် လယ်ယာကိန်းဂဏန်းများ မှန်ကန်စေရေး ပြန်လည်စိစစ်ရန်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုသဘောတူညီချက် ရယူထုတ်ပြန်သွားရန်နှင့် စပ်လျဉ်းတဲ့ အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ ထားပါတယ်။

ဦးမျိုးမြင့် အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၅။**

**ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ လယ်/ဆည်ဝန်ကြီးဌာန ဒုတိယဝန်ကြီးနဲ့ ကြွရောက်လာသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအားလုံး ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးမြင့် ဖြစ်ပါတယ်။ ကျွန်တော့်

အနေနဲ့ ဆည်ရေပေးဝေနိုင်သည့် မြေဧရိယာများ (Irrigable Land Areas) လျော့နည်းသတ်မှတ် ဖော်ပြချက်များအပေါ် လယ်ယာကိန်းဂဏန်းများ မှန်ကန်စေရေး ပြန်လည်စိစစ်ရန်နှင့် ပြည်ထောင်စု အစိုးရအဖွဲ့၏ ခွင့်ပြုသဘောတူညီချက် ရယူထုတ်ပြန်သွားရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်း သည့် အဆိုကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

ကျွန်တော် ဦးစွာအနေနဲ့ အသေးစိတ်မဆွေးနွေးခင် ကျွန်တော်ရဲ့ အဆိုခေါင်းစဉ်ပါနဲ့ ပတ်သက်လို့ ရောထွေးတတ်တဲ့ သဘောတရားလေးတွေကို အနည်းငယ် ကျွန်တော် ရှင်းလင်းတင်ပြ သွားလိုပါတယ်။ ဆည်ရေသောက် မြေဧရိယာလို့ ကျွန်တော် ဒီမှာ အထူးဖော်ပြထားတာ တကယ်တော့ အများလက်ခံကျင့်သုံး နားလည်နေတာက (Irrigable Areas) ဆည်ရေသောက်ဧရိယာပဲ ဖြစ်ပါ တယ်။ ဆည်ရေသောက်ဧရိယာ ဆိုတဲ့ဥစ္စာကတော့ ကျွန်တော်တို့ ဒါ Gravity Flow နဲ့ ရေပေး နိုင်မယ့် ဧရိယာ တစ်ခါ Lift Irrigation ရေတင်စက်တွေနဲ့ ရေပေးနိုင်တဲ့ ဧရိယာ အကုန်လုံး အကျုံးဝင်ပါတယ်။ နောက်တစ်ခါ ရေသောက်ဧရိယာကို Gravity Flow နဲ့ ပေးနိုင်တဲ့ဟာကို Command Areas လို့လည်း တစ်ခါ ခေါ်ပါတယ်။ Irrigation Command Areas ဆိုပြီးတော့။ အဲဒီတော့ ဒါလေးတွေဟာ ရောထွေးတတ်တဲ့သဘော ဖြစ်ပါတယ်။ နောက်တစ်ခါ ရေသောက်ဧရိယာ တစ်ခုဟာ ဧက(၁၀၀၀၀) ရှိတယ်ဆိုပါဆို့၊ တကယ်ပေးတာက ဧက(၅၀၀၀)ပဲ ရှိပါတယ်ဆိုရင် ဒါကို ကျွန်တော် တို့က Irrigated Areas လို့ ခေါ်ပါတယ်။ မူလက ဆည်ရေသောက် ဧရိယာနဲ့ ရောထွေး နိုင်တဲ့ အတွက် ဒါလေးတွေကို ကျွန်တော်တို့ ခွဲသိဖို့ လိုအပ်ပါတယ်ဆိုတာလေး ကျွန်တော် တင်ပြလို ပါတယ်။

တစ်ခါထပ်ပြီးတော့ သီးနှံစိုက်ဧရိယာဆိုတာ ရှိပါတယ်။ Cropping Areas ဒါဟာလည်း ဆည်ရေသောက်ဧရိယာနဲ့ ရောထွေးသွားနိုင်ပါတယ်။ ဆည်ရေသောက်ဧရိယာ ခုန ကျွန်တော် တင်ပြတဲ့ ဧက(၁၀၀၀၀)ပေါ်မှာ (၁၀၀၀၀)လုံး စိုက်တယ်ဆိုရင် ဒါဟာ (၁၀၀၀၀)ဟာ Cropping Areas ပဲ။ တစ်နှစ်လုံးမှာ နှစ်ရာသီကို ကျွန်တော်တို့ (၁၂၀၀၀)စိုက်လို့ရှိရင် ဒါ(၁၂၀၀၀)သည် Cropping Areas ပဲ။ Irrigable Areas နဲ့ Cropping Areas မတူပါဘူးခင်ဗျ။ ဒါကြောင့် တစ်ခါ Cropping Intensity ဆိုတာ ရှိပါသေးတယ်။ သီးနှံစိုက်စွမ်းအား ဆိုတဲ့ ဥစ္စာဟာ ဒါရာနှုန်းနဲ့ ဖြစ်ပါတယ်။ ဒါ သီးနှံစိုက်စွမ်းအားကတော့ (၁၂၀)၊ (၁၄၀)ရာခိုင်နှုန်း။ အခု အမျိုးသားစီမံကိန်းမှာ ဆိုလို့ရှိရင် (၁၅၀)ရာခိုင်နှုန်း အထိအောင် လယ်/ဆည်ကနေပြီးတော့ တင်ထားတာ ဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်တော်က ပိုပြီးတော့ မြေဧရိယာ ပျောက်သွားမှာဖြစ်တဲ့အတွက် ကျွန်တော်ဟာ သမားရိုးကျ နားလည်ထားတဲ့ Irrigable Areas ဖြစ်ပေမယ့်လို့ Irrigable Land Areas ဆိုပြီးတော့ ဆည်ရေ ပေးဝေနိုင်တဲ့ မြေဧရိယာ ဆိုပြီးတော့ ဒါ ကျွန်တော် အထူးပြုထားခြင်း ဖြစ်ပါတယ်။

နောက်တစ်ခုက ရောထွေးနိုင်တာကတော့ ကျွန်တော်တို့ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့်၊ သဘောတူညီချက် ရယူထုတ်ပြန်သွားရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းသည့် အဆို။ ဒါလည်းပဲ ကျွန်တော်တို့ ရောထွေးနိုင်ပါတယ်။ အခု ဖြစ်နေတာက ဒီရေသောက် ဧရိယာတွေ ကျွန်တော်တို့ လျော့နည်းတယ်၊ ဆုံးရှုံးတယ် ဆိုတဲ့ကိစ္စမှာ ဒါဟာ ကျွန်တော်တို့ တိုင်းဒေသကြီး၊ ပြည်နယ်တွေရဲ့ အစီအစဉ်နဲ့ ဆုံးဖြတ်တာလည်း ဖြစ်ချင်ဖြစ်နိုင်တယ်။ ဦးစီးဌာနရဲ့ အစီအစဉ်နဲ့

လျော့နည်းတာလည်း ဖြစ်နိုင်တယ်။ ဝန်ကြီးဌာနရဲ့ အစီအစဉ်နဲ့ လျော့နည်းတာလည်း ဖြစ်နိုင်တယ်။ ဒါတွေဟာ တကယ်တမ်းက ဒီ(၃)ခုလုံးဟာ ကျွန်တော် နားလည်ထားတာက လုပ်ပိုင်ခွင့် မရှိဘူးလို့ ယူဆပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ Cabinet ရဲ့ ဆုံးဖြတ်ချက်နဲ့ သာလျှင် ဒါ ဧကတွေ လျော့နည်းတယ်ဆိုတာကို တရားဝင် အသိအမှတ်ပြုရမှာ ဖြစ်ပါတယ်။ ဒီလို ကျွန်တော်တို့ တင်ပြရတာလည်း မူလရှိတဲ့ဧရိယာဟာ ဒီအတိုင်းပဲရှိနေပြီးတော့ ဧကတွေ ပျောက်နေတဲ့ အတွက် ကျွန်တော် ဒါကို တင်သွင်းရခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရပ်ပိုင်း အသုံးအနှုန်းများနဲ့ ကိန်းဂဏန်း အချက်အလက်များ ပါတဲ့အတွက်ကြောင့် ဖတ်ကြားခွင့်နဲ့ အင်္ဂလိပ်ဝေါဟာရ အသုံးအနှုန်းများကိုလည်း သုံးစွဲခွင့်ပြုဖို့ ကျွန်တော် ပန်ကြားအပ်ပါတယ်ခင်ဗျား။ လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီး ဌာနအောက်ရှိ ဆည်မြောင်းဦးစီဌာနနဲ့ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနများဟာ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှာ ရေလှောင်တမံစီမံကိန်းကြီးများ(Storage Dams)၊ ရေလွှဲဆည်များ(Diversion Weirs)၊ ရေတံခါးကြီးများ (Sluice Gates)နှင့် မြစ်ရေတင် စီမံကိန်းကြီးများ( Punping Projects) တည်ဆောက်လျက် သတ်မှတ်ချက်ပါ လယ်ယာမြေများကို၊ ပင်မရာသီသီးနှံ၊ သီးထပ်သီးညှပ်များ (Second Crops) စိုက်ပျိုးနိုင်ဖို့အတွက် ရေပေးဝေခြင်းကို ပုံမှန်ဆောင်ရွက်ပေးလျက်ရှိနေကြ ပါတယ်။ ဘဏ္ဍာရေးနှစ်အလိုက် ရေလှောင်တမံများ၊ ရေလွှဲဆည်များ၊ မြစ်ရေတင်စနစ်များ၊ ရေတံခါးများ၊ ရေဘေးကာကွယ်တာတမံများ၊ ရေနုတ်မြောင်းစနစ်များ စသည်တို့ကို တစ်နှစ်ထက် တစ်နှစ် တိုးချဲ့တည်ဆောက်လျက် ရေသွင်း စိုက်ဧရိယာများ ပိုမိုရရှိရန်၊ သက်ဆိုင်ရာ ဘဏ္ဍာနှစ်နဲ့ ကာလတို(၅)နှစ် စီမံကိန်းရဲ့ လယ်ယာကဏ္ဍမှာ ကဏ္ဍအလိုက် စီမံကိန်း ရည်မှန်းချက်များ ခေါင်းစဉ် မူဝါဒများ၊ ရည်မှန်းချက်များနှင့် လုပ်ငန်းစဉ်များကို ချမှတ်လုပ်ဆောင်လာခဲ့ပါတယ်။ ရည်မှန်းချက် များအနက် စိုက်ပျိုးရေးနှင့် ဆက်စပ်တဲ့ ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များကို ၂၀၁၁-၁၂ မှ ၂၀၁၅-၁၆ ဘဏ္ဍာနှစ်အထိ ပဉ္စမကာလတို(၅)နှစ် အမျိုးသားစီမံကိန်းမှာ အောက်ပါအတိုင်း ဖော်ပြ ထားတာ ကောက်နုတ်တင်ပြ ခွင့်ပြုပါ။

(က) ရည်မှန်းချက်များ

(က-၁) ရေသွင်းစိုက်ဧရိယာကို (၅.၈)သန်းဧကအထိ တိုးတက်အောင်ဆောင်ရွက်ရန်။

(က-၂) စိုက်ပျိုးရေအပါအဝင် ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာ စသည့် သွင်းအားစု များကို အချိန်ကိုက်အချိုးကျ အသုံးပြုရန်။

(ခ) လုပ်ငန်းစဉ်များအောက်မှာ

(ခ-၁) ရေသွင်းစိုက်ဧရိယာ ဧကများ တိုးတက်ရေး ဆောင်ရွက်ရန်။

(ခ-၂) စိုက်ပျိုးရေး အပါအဝင် ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာ စသည့်သွင်းအားစု များကို အချိန်ကိုက် အချိုးကျ အသုံးပြုရန်။

(ခ-၃) လယ်ယာကဏ္ဍဆိုင်ရာ အခြေခံစာရင်းအင်း ကိန်းဂဏန်း အချက်အလက်များ မှန်ကန်ရေး ဆောင်ရွက်ရန်။

(ခ-၄) ဝန်ကြီးဌာနမှ လိုအပ်သည့် မြေတိုင်းတာခြင်း လုပ်ငန်းများ ဆောင်ရွက်ရန်။

ဒါ့အပြင် အသားတင်စိုက်ပျိုးနိုင်မည့် ဧရိယာလျာထားချက် နှစ်စဉ် တိုးတက်မှုရှိလို့ နည်းလမ်းအမျိုးမျိုးနဲ့ ရေသွင်းစိုက်ပျိုးနိုင်တဲ့ မြေဧရိယာများကိုလည်း နှစ်စဉ် တိုးတက်လျာထားခဲ့ကြောင်း၊ ဆည်မြောင်းနှင့် ရေအရင်းအမြစ်တို့မှ ရေပေးဝေနိုင်တဲ့ မြေဧရိယာများဟာ ပဉ္စမကာလတို (၅)နှစ်အမျိုးသား စီမံကိန်းအတွင်း တစ်နှစ်ပျမ်းမျှ တိုးတက်မှု (၁)ရာခိုင်နှုန်းရှိကြောင်း စသည့် ဖော်ပြထားချက်များကို ကိုယ်စားလှယ်တော်ကြီးများ အားလုံးတွေ့ရှိပြီး ဖြစ်ပါ လိမ့်မယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ လယ်ယာစာရင်းဇယားများအရ ဆည်မြောင်းဦးစီးဌာနမှ ၁၉၈၈ ခုနှစ်မတိုင်မီနဲ့ နောက်ပိုင်း ၂၀၁၂ ခုနှစ်အထိ ရေလှောင်တမံ၊ ရေလွှဲဆည်နှင့် ရေတံခါးစီမံကိန်းများ၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနအဖြစ် စတင်ပေါ်ပေါက်ခဲ့တဲ့ ၁၉၉၅ ခုနှစ်မှ ၂၀၁၂-၁၃ ခုနှစ် အထိ ရေတင်စီမံကိန်းများနှင့် မြေအောက် စက်ရေတွင်း စီမံကိန်းများဖြင့် ရေသွင်းစိုက်ပျိုးဧရိယာများကို တိုးချဲ့ဆောင်ရွက်ထားချက်များကို ကျွန်တော် Slide - 1 နဲ့ ခြုံငုံပြီးတော့ တင်ပြအပ်ပါတယ်။

Slide-1မှာ ဆိုလို့ရှိရင် ၁၉၈၈ မတိုင်မီက ရေလှောင်တမံ (၁၃၈)၊ ၁၉၈၈-၂၀၁၂ အထိ (၂၃၉) စုစုပေါင်း(၃၇၇)ခုမှာ အကျိုးပြုဧရိယာ စုစုပေါင်း(၄၁၇၃၀၉၀)ဧကေ ရှိပြီးတော့ ရေအရင်းအမြစ်ရဲ့အောက်မှာ စုစုပေါင်း လုပ်ငန်းပေါင်းဟာ (၈၆၃၉)ခု ရှိတဲ့အနက် (၅၉၉၇၄၀) ထိအောင် ဖော်ပြထားတာ တွေ့ရှိရပါတယ်။ တစ်ဆက်တည်း တင်ပြလိုတာကတော့ Slide-2 နဲ့ Slide-2(A)တို့မှာ စိုက်ပျိုးမြေဧရိယာနှင့် ရေသွင်းစိုက်ဧရိယာများ တိုးချဲ့ရရှိရေးကဏ္ဍမှာ အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများနှင့် ယှဉ်ပြိုင်ကြိုးပမ်းဆောင်ရွက်မှုကို ဖော်ပြထားတာ တွေ့ရှိရပါတယ်။ ဒါဟာလည်း ကျွန်တော်တို့ Food And Agricuture Development in the Asia-Pacific Region 2009 and 2010 ရဲ့ Reference ဖြစ်ပါတယ် ခင်ဗျား။ သို့သော်လည်းပဲ လယ်ယာ ကိန်းဂဏန်းများ မှန်ကန်မှုအပေါ် အခြေခံ ဖော်ပြရန် လိုအပ်တယ်ဆိုတာလည်း သုံးသပ်လိုပါတယ်။

အဲဒီမှာ ကျွန်တော်တို့ Slide-2(A)၊ အဲဒီမှာကြည့်လိုက်လို့ရှိရင် ဒါဟာ နိုင်ငံအလိုက်ဆိုရင် မြန်မာဆိုရင် စုစုပေါင်း (၄.၉၄)သန်းဧကရှိပြီးတော့ ရာခိုင်နှုန်းဟာ (၁၄.၂၈)ရာခိုင်နှုန်းရှိပြီး၊ ကျန်တဲ့နိုင်ငံများနဲ့ နှိုင်းယှဉ်နိုင်ပါတယ်။ သို့သော်လည်းပဲ ဒီအနေနဲ့ ဖော်ပြထားတဲ့ ကိန်းဂဏန်းက (၄.၉၄) မီလျံဧက ဖြစ်ပေမယ့်လို့ လယ်/ဆည်ဝန်ကြီးဌာနရဲ့ ၂၀၁၂ ထုတ်ပြန်ချက်မှာ (၄.၂၈၃)မီလျံဧက ဖြစ်တဲ့အတွက် ဒီမှာတင် ကျွန်တော်တို့ (၆၅၇၀၀၀)ဧက ကွာခြားနေတာကို ကျွန်တော်တို့ လေ့လာတွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၈၈ ခုနှစ် မတိုင်မီနဲ့ ၎င်း နှစ်နောက်ပိုင်း ၂၀၁၂-၁၃ ခုနှစ်အထိ ဆည်မြောင်းစီမံကိန်းလုပ်ငန်း(၃၇၇)ခု တည်ဆောက်ပြီးစီးခဲ့ရာမှာ သက်တမ်းလွန် ရေသောက်စနစ်များ(Aged Irrigation Systems)၊ သက်တမ်းရင့် ရေသောက်စနစ်များ (Ageing Irrigation Systems) နဲ့ သက်တမ်းနု ရေသောက်စနစ်များ (Young Age Irrigation Systems) အဖြစ် ပိုင်းခြားမြင်တွေ့နိုင်ပါတယ်။ လယ်/ဆည်ဝန်ကြီးဌာနအနေဖြင့် ဦးစားပေးနဲ့ ဆောင်ရွက်ဆဲ စီမံကိန်းများမှအပ စီမံကိန်းအသစ်များကို ယခင်ကကဲ့သို့ တိုးချဲ့လုပ်ဆောင်ခြင်း မပြုဘဲ အရေးကြီး

ဆည်ရေသောက် စနစ်များကိုသာ အထူးပြန်လည် ပြင်ဆင်ထိန်းသိမ်းခြင်း အစီအစဉ်များ (Special Rehabilitation and Maintenance Arrangements)ဖြင့် ဆောင်ရွက်လုပ်ကိုင်လျက်ရှိနေတာကို နှစ်စဉ် ဘဏ္ဍာငွေ လိုအပ်မှု တင်ပြတောင်းခံချက်များ၊ လေ့လာတွေ့ရှိချက်များအရ သိရှိရပါတယ်။ လက်ရှိ ရှိထားပြီး သောင်းဂဏန်း/သိန်းဂဏန်း ဧကရှိ ဆည်ရေသောက်စနစ်များကို ဦးစားပေး ပြင်ဆင်ထိန်းသိမ်းလျက်ရှိတဲ့ ကြိုးပမ်းဆောင်ရွက်မှုများအပေါ် အသိအမှတ်ပြုရမှာဖြစ်ပါတယ်။

တစ်နည်းအားဖြင့် နိုင်ငံလူဦးရေ(၇၀)ရာခိုင်နှုန်းခန့် ရှိတဲ့ တောင်သူလယ်သမားများရဲ့ အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်မှုနှင့် ကျေးလက်နေ ပြည်သူများ ဆင်းရဲနွမ်းပါးမှု လျော့ချရေး ရည်မှန်းချက်များဖြင့် လုပ်ဆောင်နေတယ်လို့ နားလည်ထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတကာမှာ ယေဘုယျအားဖြင့် ဆည်ရေသောက်ဧရိယာ သတ်မှတ်ကြရာမှာ လျာထားဧရိယာအတွင်းရှိ မြစ်ချောင်းများ၊ ရေနုတ်မြောင်းများ၊ ကားလမ်း၊ ရထားလမ်းများ၊ Gravity Flow ဖြင့် ရေပေးဝေနိုင်ခြင်း မရှိသော ကုန်းမြင့်ပိုင်းများ၊ ရှိပြီး အင်းအိုင်များ၊ မြို့ရွာများ စသည်တို့ကို ချန်လှပ်စဉ်းစားပြီးတော့မှ မူလမြေပြင်တိုင်းတာ ရရှိဧရိယာကနေပြီးတော့ (၇)ရာခိုင်နှုန်းမှ (၁၀)ရာခိုင်နှုန်းအတွင်း အပိုထပ်ဆောင်း သတ်မှတ်လေ့ရှိပါတယ်။ ဥပမာအနေနဲ့ပြောရလို့ရှိရင် ပေးဝေနိုင်မည့် ရေပမာဏနှင့် ချိန်ထိုးပြီးတော့ သီးနှံရေလိုအပ်ချက် အတွက်ကိုပါ စဉ်းစားပြီးတော့ ဧက(၁၀၀)အသားတင် ကျန်လိုလျှင် (၁၀၇)ဧကမှ (၁၁၀)ဧက သတ်မှတ်ခြင်းကို ဆိုလိုပါတယ်။ အခြားတစ်ဖက်တွင်လည်းပဲ ယခင်ရှိပြီး မူလဆည်ရေသောက် ဧရိယာများဟာ အောက်ဖော်ပြပါ အခြေအနေ အရပ်ရပ်ကြောင့် လျော့နည်းခြင်းများ ဖြစ်ပေါ်လာနိုင်ပါတယ်။ ဖြစ်တတ်တဲ့ ရှောင်လွှဲမရတဲ့ အချက်အချို့ကို Slide 3 နဲ့ Slide 3A တို့ဖြင့် ကျွန်တော် တင်ပြထားပါတယ်။ (၁) ဆည်ရေသောက် ဧရိယာအတွင်း စီးဆင်းမြစ်ချောင်းများရဲ့ ရေလမ်းကြောင်း ပြောင်းလဲတိုက်စားခြင်းကြောင့် ကမ်းပြိုခြင်း၊ (၂) မြို့/ရွာ ကွက်သစ်များ၊ မြို့သစ်၊ ရွာသစ်များ ထူထောင်ခြင်း၊ (၃) ဘာသာရေးအဆောက်အအုံနှင့် ပရဝုဏ်များ၊ စေတီပုထိုးများ၊ သုသာန်သင်္ချိုင်းများ ထူထောင်ခြင်း၊ (၄) ရုံးဌာန စက်ရုံ၊ အလုပ်ရုံနှင့် ဝန်ထမ်းအလုပ်သမား အိမ်ယာများ ထူထောင်ခြင်း၊ (၅) စက်မှုဇုန်နယ်မြေများ ထူထောင်ခြင်း၊ (၆) သား၊ ငါး၊ ပုစွန် မွေးမြူရေးကန်များ တိုးချဲ့ထူထောင်ခြင်း၊ (၇) ဖွံ့ဖြိုးရေး အကြောင်းပြု အခြေခံ အဆောက်အအုံများ ထူထောင်ခြင်း၊ (၈)စီမံကိန်းကာလအတွင်း ရေသောက်စနစ် မြောင်းလက်တံမြောင်းခွဲများ ပီပြင်စွာ ဆောင်ရွက်မှုမရှိခြင်း အချို့ကို စီမံကိန်းကာလကတည်းက ချန်လှပ်ခဲ့ခြင်း၊ (၉) ပုံမှန်ပြင်ဆင်ထိန်းသိမ်းခြင်း လစ်ဟာမှု ရေလေလွင့်ဆုံးရှုံးမှုမရှိစေရန် ကြီးကြပ်မှု ကျဆင်းခြင်းကြောင့် တူးမြောင်းများ ပျက်စီးယိုယွင်းလာ၍ စိုက်ဧကများ ဆုံးရှုံးခြင်း၊ (၁၀)စီမံကိန်းများ၏ ရေသောက်ဧရိယာအချို့ ထပ်နေခြင်း (Over Lapping) ကြောင့် မူလဧကများ ပြည့်မီမှုမရှိခြင်း၊ အထူးသဖြင့် Neighbouring Irrigated Tracts ကို ဆိုလိုတာပါ။ (၁၁)မူလတိုင်းတာခဲ့သည့် ရေသောက်ဧရိယာ မြေကြီးမြေပုံများ မှန်ကန်မှုမရှိ၍ နောက်ပိုင်း ဒီဇိုင်းသတ်မှတ်ဧရိယာများ လျော့နည်းခြင်း၊ (၁၂)ရရှိ စီးဝင်ရေကို စနစ်တကျ စီမံသုံးစွဲမှု မရှိခြင်း၊ လေလွင့်မှု များပြားသည့်အတွက် အောက်ပိုင်း ရေသောက်ဧရိယာများ ရေမရရှိ၍ ဆုံးရှုံးခြင်း၊ (၁၃) မူလရေသောက်ဧရိယာ အတွင်းရှိ ချောင်းများ ရေနုတ်မြောင်းများပေါ်တွင် တမံများ ရေလွှဲဆည်များ ထပ်မံတည်ဆောက်မှု

ကြောင့် ရှိပြီး ရေသောက်ဧကများ ဆုံးရှုံးခြင်းဆိုပြီးတော့ ယေဘုယျ ကျွန်တော်တို့ အဲဒီလို လေ့လာတွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရေသွင်းစိုက်ဧရိယာများ မူလထက် လျော့နည်းဆုံးရှုံးလာသည်များကို ဆည်မြောင်းစီမံကိန်းလုပ်ငန်းများဖြင့် တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဆက်စပ်လျက်လည်း ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနရဲ့ ရေတင်စီမံကိန်း ရေသွင်းစိုက်ဧရိယာများ လျော့နည်းဆုံးရှုံးမှုများကို တွေ့နေရပါတယ်။ လျှပ်စစ်လိုအပ်သလို မရရှိမှုနဲ့ ရရှိချိန်မှာ ထိထိရောက်ရောက် အသုံးမချနိုင်မှု အများပြည်သူ လျှပ်စစ်အသုံးနည်းချိန် Off-peak Hour မှာ မောင်းနှင်ပေးဝေသူ လုပ်ငန်းဌာနနှင့် ရေသုံးစွဲသူ တောင်သူများအနေဖြင့် ဟန်ချက်ညီညီ ကြိုးပမ်းရေပေးဝေ ရေရယူခြင်းမရှိမှု၊ ရေသောက်စနစ် လျှာထားချက်ပြည့်မီစေရေး ဆောင်ရွက်ရာမှာ အားနည်းမှု၊ စက်သုံးဆီ၊ ဒီဇယ်ဆီ ရရှိအသုံးပြုနိုင်ရန် ခက်ခဲမှု၊ စီးပွားရေးတွက်ခြေမကိုက်မှု စသည်တို့ကြောင့် ရေသောက် ဧရိယာများ လျော့နည်းဆုံးရှုံးမှုများ ဖြစ်ပေါ်နေသည်လို့ သုံးသပ်လိုပါတယ်။ ၂၀၁၁-၂၀၁၂ မှ ၂၀၁၅-၂၀၁၆ ခုနှစ်အထိ အမျိုးသားစီမံကိန်း ရည်မှန်းချက်တွင် ပါရှိသည့် ကိန်းဂဏန်းများကို မည်သို့မျှ ပြည့်မီနိုင်ခြင်း မရှိ ဟုလည်း သုံးသပ်လိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်/ဆည်ဝန်ကြီးဌာန၊ ဆည်မြောင်းဦးစီးဌာနရဲ့ လယ်ယာစာရင်းဇယားများမှာ ယခင်မူလရှိပြီး ဆည်ရေသောက် မြေဧရိယာ ကိန်းဂဏန်းများဖြင့်သာ လောလောဆယ် ဖော်ပြထားလျက်ရှိသော်လည်း ယနေ့ ဆည်မြောင်းရုံးချုပ် အပါအဝင် ပြည်နယ်/တိုင်းဒေသကြီး ဆည်မြောင်းရုံးများရဲ့ အစီရင်ခံစာများပါ ကိန်းဂဏန်းများမှာမူ လျော့နည်းဆုံးရှုံး ရေသောက် ဧရိယာများ ထုတ်နုတ်ဖော်ပြထားတဲ့ ကိန်းဂဏန်းများဖြစ်နေတာ တွေ့ရှိရလို့ အခြေခံ လယ်ယာ ကိန်းဂဏန်းများကို ဘောင်ဝင်အောင်ဆောင်ရွက်ရန် လိုအပ်နေပြီလို့ ကျွန်တော် ယူဆ ပါတယ်။ ဆည်မြောင်းဦးစီးဌာနမှ တာဝန်ယူထားတဲ့ ဆည်မြောင်းစီမံကိန်းများ၊ လုပ်ငန်းများဖြင့် ရေသွင်းစိုက်ပျိုးနိုင်တဲ့ မြေဧရိယာများ (Irrigable Land Areas) သိသိသာသာ လျော့နည်း ဆုံးရှုံးမှုများ ဖြစ်ပေါ်နေတာကို တင်ပြလိုပါတယ်။

ဤသို့ တင်ပြရာမှာ ၁၉၈၈ ခုနှစ် မတိုင်မီနဲ့ နောက်ပိုင်း မူလရေသောက် ဧရိယာကြီးများ (Large Scale Irrigation Systems) အထိုက်အလျောက် ရေသောက်ဧရိယာ ဧက များပြားသော ပြည်နယ်/တိုင်းဒေသကြီး(၁၂)ခုတို့အတွင်း တည်ဆောက်ခဲ့တဲ့ ရေလှောင် တမံ၊ ရေလွှဲဆည်၊ ရေတံခါး စီမံကိန်း စုစုပေါင်း(၃၇၇)ခုအနက် (၁၂၀)ကို ရွေးထုတ်ကောက်နုတ် စာရင်းပြုစု ရရှိခဲ့ပါတယ်။ ရှည်လျားနေမည်ဖြစ်၍ စီမံကိန်းလုပ်ငန်း တစ်ခုချင်းအလိုက် ဖော်ပြခြင်း မပြုတော့ဘဲ ပြည်နယ်/တိုင်းဒေသကြီးများရဲ့ စာရင်းမှ ထုတ်နုတ် စီမံကိန်း စာရင်းကိုသာ Slide-4 နဲ့ Slide-4(A) တို့ဖြင့် ကျွန်တော် တင်ပြထားပါတယ်။ ကချင်မှာဆို လုပ်ငန်းပေါင်း(၃)ခု ရှိပါတယ်။ မူလ(၂၃၈၃၇) ဧကမှာ လျော့နည်းတာ (၇၀၈၀)ဧကဖြစ်ပြီးတော့ ရာခိုင်နှုန်းအားဖြင့် (၃၀.၅၄) ဖြစ်ပါတယ်။ ကရင်မှာ (၁)ခု ရှိပါတယ်။ (၇၇)ရာခိုင်နှုန်း ဖြစ်ပါတယ်။ ကယားကဆိုရင် လုပ်ငန်းပေါင်း(၅)ခုကို လေ့လာပါတယ်။ စုစုပေါင်းဧကဟာ (၃၀၀၀၀)နီးပါးလောက် ရှိပါတယ်။ လျော့တာက (၃၅၀၀၀)ကျော်လောက် လျော့တဲ့ အတွက် (၁၂.၁၈)ရာခိုင်နှုန်း ရှိပါတယ်။ ချင်းကတော့ တစ်ခုတည်း ရှိပါတယ်။ လိုင်ဗားပါ။ (၅၁.၄၀) ရာခိုင်နှုန်း လျော့ပါတယ်။ စစ်ကိုင်းဟာဆိုရင် စီမံကိန်းလုပ်ငန်း(၉)ခုမှာ စုစုပေါင်းရေသောက် ဧရိယာ

မူလက (၆၄၈၁၃၉) ရှိတာမှာ ဧက(၇၆၅၃၂)ဧက လျော့နည်းတဲ့အတွက် (၁၁.၈၁)ရာခိုင်နှုန်း လျော့နည်းတာ တွေ့ရမှာဖြစ်ပါတယ်။ မကွေးဟာဆိုရင် လုပ်ငန်းပေါင်း စီမံကိန်းပေါင်း(၁၈)ခုကို ကျွန်တော် လေ့လာရာမှာ (၃၂၀၃၀၀)ကျော်ဧက မူလရှိခဲ့တာဟာ လျော့သွားတာဟာ (၈၆၀၀၀)နီးပါး လောက် လျော့သွားတဲ့အတွက် (၂၆.၈)ရာခိုင်နှုန်း ပေါ်ပေါက်နေတာကို တွေ့ရပါတယ်။ မန္တလေးတိုင်း ဒေသကြီးဟာဆိုရင် စီမံကိန်း၊ လုပ်ငန်းပေါင်း(၃၇)အပေါ်မှာ မူလက ရေသောက်ဧရိယာဧက (၇၁၀၅၀၀)ကျော် ရှိတာ လျော့သွားတာ (၁၈၆၇၀၀)ကျော် လျော့တဲ့အတွက် (၂၆.၂၈)ရာခိုင်နှုန်း လျော့နည်းတာကို တွေ့ရှိရပါတယ်။ မွန်ဆိုလို့ရှိရင် ကျွန်တော်တို့ (၃)ခုရှိပါတယ်။ (၁၈၄၀၀)မှာ (၉၂၉၄)ဧကသာ ရလို့ (၅၀.၅၁)ရာခိုင်နှုန်း လျော့နည်းပျောက်ဆုံးပါတယ်။ ပဲခူးမှာ စီမံကိန်း၊ လုပ်ငန်း ပေါင်း(၂၂)ခု၊ (၇၀၈၄၀၀)ကျော်မှာ (၁၉၆၀၀၀)လောက် လျော့နည်းတဲ့အတွက် (၂၇.၆၆) ရာခိုင်နှုန်း ရှိနေကြောင်း တွေ့ရမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ် စုစုပေါင်းဟာဆိုရင် လုပ်ငန်းပေါင်း (၁၀)ခုမှာ (၁၆၀၀၀၀)ဧကလောက်ရှိရာမှာ (၃၁၀၀၀)ကျော်လောက် လျော့တဲ့အတွက် (၁၉.၅၆)ရာခိုင်နှုန်း တွေ့ရှိရပါတယ်။ ရန်ကုန်ဟာဆိုရင် စီမံကိန်း၊ လုပ်ငန်းပေါင်း(၄)ခုမှာ (၁၄၅၀၀၀)ဟာ (၅၄၇၂၀)ကျော် လျော့လို့ (၃၇.၇၄)ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဟာဆိုရင် (၇)ခု (၁၁၀၀၀၀)မှာ (၁၃၈၃၈)လျော့လို့ (၁၂.၅၈)လျော့နည်းတာ တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဒါကြောင့် စုစုပေါင်း လုပ်ငန်း၊ စီမံကိန်း (၁၂၀)မှာ ဆည်ရေသောက်ဧရိယာ မူလသတ်မှတ်ခဲ့တာ (၂၈၇၃၇၅၉)မှာ (၂၂၀၈၄၅၆)ဧကပဲ ရှိတဲ့အတွက် (၆၆၅၃၀၃)ဧကဟာ လျော့နည်းပျောက်ဆုံးနေပါတယ်။

ဖော်ပြပါ ကိန်းဂဏန်းများအရ ဆည်ရေသောက်လုပ်ငန်း (၁၂၀)ခုရဲ့ ရေသောက်ဧရိယာ (၂၈၇၀၀၀၀)ကျော်ဧကမှာ မကွေးတိုင်းဒေသကြီးမှာရှိတဲ့ မုန်းချောင်းရေလှောင်တမံ စီမံကိန်းဧက (၁၀၈၀၀၀)ဧကဟာ မူလ မဲဇလီရေလွှဲဆည်ရဲ့ရေသောက် (၈၂၆၂၉)ဧကနဲ့ နောက်ဆုံး တည်ဆောက် ခဲ့တဲ့ ကြီးအုံ-ကြီးဝစီမံကိန်း (၉၆၀၀၀)ဧကတို့အတွက်ပါ တစ်စုတစ်ပေါင်းတည်း အကျုံးဝင်သဖြင့် ရေသောက်ဧရိယာများ (၂)ကြိမ်၊ (၃)ကြိမ် မထပ်ဖို့အတွက် ဧကအများဘက်မှာရှိတဲ့ မုန်းချောင်း ရေလှောင်တမံစီမံကိန်းရဲ့ ရေသောက်ဧရိယာ (၁၀၈၀၀၀)ဧက တစ်မျိုးတည်းကိုသာ ထည့်သွင်းဖော်ပြ ထားပါတယ်။ မဲဇလီရေလွှဲဆည်ဟာဆိုရင် ၁၉၂၀ ခုနှစ်လောက်က စတင်ပြီးတော့ တည်ဆောက် ခဲ့တဲ့ ရေလွှဲဆည်ဖြစ်ပြီးတော့ မုန်းချောင်း ရေလှောင်တမံမှလည်းကောင်း၊ ကြီးအုံ-ကြီးဝ ရေလှောင် တမံမှလည်းကောင်း မဲဇလီရေလွှဲဆည်ကို ရှောင်လွှဲပြီးတော့ ရေပေးလို့ မရဘူး ဆိုတာကိုလည်း တင်ပြ လိုပါတယ်။

ပြည်နယ်နဲ့ တိုင်းဒေသကြီး(၁၂)ခုတို့ရှိ ဆည်မြောင်းစီမံကိန်း၊ လုပ်ငန်း(၁၂၀)ခုရဲ့ မူလ ရေပေးဝေနိုင်တဲ့ မြေဧရိယာ(၂၈)သိန်းကျော် ရှိတဲ့အနက် လယ်/ဆည်ဝန်ကြီးဌာနအောက်ရှိတဲ့ သက်ဆိုင်ရာ လုပ်ငန်းဌာနများနဲ့ ပူးပေါင်းပါဝင်နိုင်ဖွယ်ရှိတဲ့ ဒေသ အုပ်ချုပ်ရေး အဖွဲ့အစည်းများမှ ပြုပြင်သတ်မှတ် ဆည်ရေပေးဝေနိုင်တဲ့ မြေဧရိယာမှာ (၂၂၀၈၄၅၆)ဧကသာ ရှိတဲ့အတွက် စုစုပေါင်း (၆၆)သိန်းကျော် ဒါမှမဟုတ်လို့ရှိရင် (၂၃.၁၅)ရာခိုင်နှုန်း လျော့နည်းဆုံးရှုံးသွားကြောင်း တွေ့ရှိရ ပါတယ်။ ၎င်းရာခိုင်နှုန်းဟာ အလွန်များပြားလာကြောင်းနဲ့ ဆည်မြောင်းဦးစီးဌာနမှ လက်ဝယ် ထိန်းသိမ်းထားတဲ့ စီမံကိန်း၊ လုပ်ငန်း အားလုံးရဲ့ ဆည်ရေသောက် မြေဧရိယာများကိုပါ စဉ်းစားရန် လျော့နည်း ဆုံးရှုံးမှုဟာ ယခုရာခိုင်နှုန်းထက် ပိုမိုနိုင်တယ်လို့ ခန့်မှန်းသုံးသပ်လိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရှေ့ပိုင်းဆွေးနွေးချက်များမှာ ဆည်ရေသောက် မြေဧရိယာများ အကြောင်းအမျိုးမျိုးကြောင့် လျော့နည်းဆုံးရှုံးမှုများ ကြုံတွေ့နိုင်ကြောင်း ရှင်းလင်း တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ဤသို့ လျော့နည်းဆုံးရှုံးမှုများနဲ့ ပတ်သက်လို့ လယ်/ဆည်ဝန်ကြီးဌာန၊ ဆည်မြောင်းဦးစီးဌာနတို့အပေါ်မှာ အနှုတ်လက္ခဏာဆောင်တဲ့ အမြင်နဲ့ ထောက်ပြဆွေးနွေးခြင်း မဟုတ်သည်ကို ရိုးသားစွာ တင်ပြလိုပါတယ်။ ကျွန်တော်ကိုယ်တိုင်ပင် တာဝန်ရှိ ဆည်မြောင်း ဝန်ထမ်းဟောင်းတစ်ဦးဖြစ်သည့် အားလျော်စွာ အချိန်အခါနှင့် အခြေအနေတို့ ပြောင်းလဲလာမှုများ အရ အုပ်ချုပ်မှု ခေတ်အဆက်ဆက် နှစ်စဉ်စုပုံလာခဲ့သော ပြဿနာအခက်အခဲများကို ဖြေရှင်း ကြရန် တာဝန်ရှိတယ်လို့လည်း ခံယူပါတယ်။ အခုလည်း ဆည်မြောင်းဦးစီးဌာနအနေနဲ့ လယ်/ဆည် ဝန်ကြီးဌာနရဲ့ ညွှန်ကြားမှု ရယူလျက် ဆည်ရေသောက် မြေဧရိယာများ ပြန်လည်စိစစ်ခြင်း စသည် တို့ကို အဖွဲ့အစည်း၊ ကော်မတီများ ပုံသဏ္ဌာန်ဖြင့် လုပ်ဆောင်ချက်များအပေါ်မှာ ပြီးခဲ့သော လုပ်ဆောင်ချက်များအပေါ်မှာ မှတ်ချက် တစ်စုံတစ်ရာ ပေးရန်လည်း မရှိပါ။ သို့ရာတွင် နိုင်ငံတော်ပိုင် ပြည်တွင်းသုံးငွေ၊ နိုင်ငံခြားသုံးငွေ (Free FE) များ ကျခံဆောင်ရွက်တဲ့ စီမံကိန်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများရဲ့ အကူအညီ၊ အထောက်အပံ့၊ ချေးငွေများနဲ့ ပြည်တွင်းသုံးငွေ၊ နိုင်ငံခြား သုံးငွေများ ကျခံဆောင်ရွက်ရမည့် စီမံကိန်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုချက်များ ချမှတ်ပြီးနောက်တွင်သာ အကောင်အထည်ဖော် ဆောင်ရွက်ရတဲ့ လမ်းကြောင်း ဖြစ်ပါတယ်။ ဆိုလိုသည်မှာ အပြီးသတ် စီမံကိန်း အကြောင်းအရာ၊ အချက်အလက်များ စသည်တို့ကို အစိုးရအဖွဲ့၏ ခွင့်ပြုချက်မရှိဘဲ ပြင်ဆင်ပြောင်းလဲခွင့်မရှိဟု နားလည်ထားပါတယ်။ မူလစီမံကိန်း ခန့်မှန်းကုန်ကျ စရိတ်များ ပြန်လည်ပြင်ဆင်ခြင်း (Project Estimate Revised)၊ ပြန်လည်ညှိခြင်း (Project Estimate Recasted)၊ စီမံကိန်းစနစ် အဆောက်အအုံ အရွယ်အစား၊ စီမံကိန်း ရေပေးဝေနိုင်မည့် ဧရိယာ ပြင်ဆင်ပြောင်းလဲခြင်း၊ အတိုင်ပင်ခံ ပညာရှင် လူ/လ များ (Man-Months) တိုးခြင်း၊ လျော့ခြင်း၊ စီမံကိန်းသက်တမ်းတိုးခြင်း စသည်တို့ကို အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက် မှတ်တမ်းများပါ အရသာ ဆောင်ရွက်နိုင်မည် ဖြစ်ပါတယ်။ အဓိက တင်ပြလိုသည်မှာ ဝန်ကြီးဌာနအနေဖြင့် မိမိ၏ အုပ်ချုပ်မှုအောက်ရှိ လုပ်ငန်းဌာနများမှ ပုဂ္ဂိုလ်များနဲ့ အဖွဲ့အစည်းများဟာ ကော်မတီ ဖွဲ့စည်းပြီး အပြီးသတ် ဆုံးဖြတ်ချက်၊ ခွင့်ပြုချက်များ မပေးနိုင်ပါလို့ နားလည်သဘောပေါက်ထားပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆည်ရေသောက် မြေဧရိယာများ လျော့နည်း ဆုံးရှုံးခြင်းနှင့် ဆက်စပ်လျက် ခြုံငုံစုစည်း ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ (က) လုပ်ငန်းဌာန၏ တာဝန်ရှိသူများက လူ၊ ပစ္စည်း၊ ရန်ပုံငွေများကို ထိုက်သင့်သလို ပံ့ပိုး၍ ဆည်မြောင်း ဥပဒေများ နှင့်အညီ သီးနှံရေလိုအပ်ချက်အတိုင်း ဆည်ရေပေးဝေပြီး ရေသွင်းဧကများ တိုးတက်လာစေရေးနှင့် လျော့နည်းမှု အနည်းဆုံးရှိစေရေး ကြိုးကြပ်ဆောင်ရွက်သွားရန် လိုအပ်ပါမယ်။ (ခ) လယ်/ဆည် ဝန်ကြီးဌာန၏ အမျိုးသားစီမံကိန်း လုပ်ငန်းစဉ်များတွင် ဖော်ပြထားချက်အတိုင်း လယ်ယာကဏ္ဍ ဆိုင်ရာ အခြေခံစာရင်းအင်း အချက်အလက်များ မှန်ကန်ရေး၊ မြေကြီး၊ မြေပုံများ မှန်ကန်ရေး၊ မြေတိုင်းတာခြင်းလုပ်ငန်းကို လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ပါမယ်။ (ဂ) နွေစပါး၊ မိုးစပါး ရေသွင်းစိုက်ပျိုးရေး စတင်သည့်မှ ရိတ်သိမ်းသည်အထိ ဆည်ရေများကို ပျမ်းမျှ တစ်ဧကလျှင် (၈)ပေမှ (၁၀)ပေအတွင်း ထုတ်လွှတ်ပေးဝေနေမှုများကို လေ့လာတွေ့ရှိရပါတယ်။ အမှန်တကယ် သီးနှံစိုက်လယ်ယာမြေများသို့ ပေးဝေရေအားလုံး မရောက်ရှိဘဲ လေလွင့်ဆုံးရှုံးမှု

ဘက်တွင် များပြားနေခြင်းများအပေါ် ဟာကွက် မရှိစေရေး စီမံဆောင်ရွက်လျက် အဖျားပိုင်း စိုက်ဧကများ တိုးတက်ရရှိရေး ဆောင်ရွက်ခြင်းဖြင့် ဆည်ရေသောက် မြေဧရိယာများ လျော့ကျလာမှု သက်သာနိုင်ပါမယ်။ (ဃ) ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာ ၁၉၉၅ ခုနှစ်နောက်ပိုင်း တည်ဆောက်ခဲ့တဲ့ စီမံကိန်း အတော်များများဟာ ဆည်ရေပေးဝေနိုင်မည့် ဧရိယာမှာ (သုည)ဂဏန်း (၃)လုံးမှ (၄)လုံးတို့ဖြင့် ဆုံးသော သောင်းဂဏန်းများ ဥပမာ - ၁၀၀၀၀၊ ၂၀၀၀၀၊ ၂၅၀၀၀ စသည် ဖြစ်နေသည်ကို တွေ့ရှိနေရတာ၊ လက်တွေ့နှင့် ကွာခြားမှု ရှိသည်၊ မရှိသည်တို့ကို ပြန်လည်စိစစ်သင့်သည်ဟု ယူဆပါတယ်။ (င) လယ်/ဆည်နှင့် ဆည်မြောင်းဦးစီးဌာန၏ အခြေခံစာရင်းများပါ ဆည်မြောင်းစီမံကိန်း၊ လုပ်ငန်း အားလုံးတို့ရဲ့ မူလနှင့် လက်ရှိ ဆည်ရေ ပေးဝေနိုင်မည့် မြေဧရိယာများကို စနစ်တကျ ပြန်လည်စိစစ်လျက် ဆောင်ရွက်ချက်များကို တစ်လုံးတစ်ခဲတည်းဖြစ်စေ၊ အပိုင်းလိုက်ခွဲ၍ဖြစ်စေ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြအတည်ပြုချက်ရယူ ထုတ်ပြန်သင့်ကြောင်း သုံးသပ်လိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ထုတ်နုတ်စာရင်းကောက်ယူ ဆည်မြောင်းစီမံကိန်း၊ လုပ်ငန်း (၁၂၀)မှာ မူလ ဆည်ရေသောက် မြေဧရိယာများထက် ပျမ်းမျှအားဖြင့် (၂၃.၁၅)ရာခိုင်နှုန်းခန့်အထိ လျော့နည်းဆုံးရှုံးနေကြောင်း လေ့လာတွေ့ရှိရတဲ့အတွက် ကိန်းဂဏန်းမှန်များရရှိနိုင်ရေး လက်တွေ့ကွင်းဆင်းတိုင်းတာ ကောက်ယူမှသာလျှင် ဆက်စပ်လျက်ရှိတဲ့ သီးနှံစိုက်ပျိုးနိုင်မှု၊ သွင်းအားစုများ ဖြည့်ဆည်းမှု၊ သီးနှံအထွက်နှုန်းတို့ဟာ မှန်ကန်နိုင်မှု၊ ဝန်ကြီးဌာနတစ်ခုလုံး၏ လယ်ယာကဏ္ဍ ရန်ပုံငွေ မျှတစွာသုံးစွဲနိုင်မှုတို့ဟာ မှန်ကန်နိုင်မှာဖြစ်တယ်လို့ သုံးသပ်လိုပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဆည်ရေပေးဝေနိုင်သည့် မြေဧရိယာများ(Irrigation Land Areas) လျော့နည်းသတ်မှတ် ဖော်ပြချက်များအပေါ် လယ်ယာကိန်းဂဏန်းများ မှန်ကန်စေရေး ပြန်လည်စိစစ်ရန်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုသဘောတူညီချက် ရယူ ထုတ်ပြန်သွားရန် အဆိုကို တင်သွင်းရခြင်းဖြစ်ပါကြောင်း လေးစားစွာဖြင့် နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၀၈။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့်ပုဂ္ဂိုလ် ရှိပါက ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၂း၀၈။**

**ဦးမှတ်ကြီး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့် ရဲ့ အဆိုကို မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ကျွန်တော် ဦးမှတ်ကြီး က ထောက်ခံအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၂း၀၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးမျိုးမြင့် တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ ဆည်ရေပေးဝေနိုင်သည့် မြေဧရိယာများ (Irrigable Land Areas) လျော့နည်းသတ်မှတ် ဖော်ပြချက်များအပေါ်

လယ်ယာကိန်းဂဏန်းများ မှန်ကန်စေရေး ပြန်လည်စိစစ်ရန်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြု သဘောတူညီချက် ရယူထုတ်ပြန်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း ဖြစ်ပါတယ်။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်ရဲ့ဆန္ဒ ရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော် ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးမျိုးမြင့် ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးမျိုးမြင့် တင်သွင်းတဲ့အဆိုကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ် များရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ပထမနေ့အစည်းအဝေး ရပ်နားကြောင်းနှင့် ဒုတိယနေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၂း၁၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသား လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပထမနေ့ကို ရပ်နားပါမယ်။ ကော်မတီအလိုက် ဆောင်ရွက်ဖွယ် လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ကြဖို့ ဖြစ်ပါတယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၆ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၁၂။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပထမနေ့ အစည်းအဝေးကို (၁၂း၁၂) နာရီအချိန်တွင် ရပ်နားပါသည်။]